# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 17 March 2022 ၁၀၆၈၀


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဉယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်မည့် ကျောက်စာရုံစေတီများနှင့် သာသနာ့ဗိမာန်တော် ရတနာပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဉယျာဉ်တော်အတွင်း၌ တည်ဆောက်ပူဇော်မည့် ကျောက်စာရုံစေတီများနှင့် သာသနာ့ဗိမာန်တော် ရတနာပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်သည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် ၂၀၂၂ ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ ဒေသခံသြဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျောက်စာရုံစေတီ ဗဟိုပန္နက်တော်ဌာနတွင် ရတနာပန္နက်တော် စိုက်ထူစဉ်။




ကြေးမုံ

# စားဝတ်နေရေးဖူလုံရေး အလေးထားဦးစားပေး

ပြည်သူလူထု နေ့စဉ်နေထိုင်မှုလူမှုဘဝတွင် စားရေး၊ ဝတ်ရေး၊ နေရေး အရေးသုံးပါးသည် အရေးအကြီးဆုံးဖြစ်သည်။ ထိုအရေးသုံးပါးတွင် စားရေး၊ နေရေးသည် ပို၍အရေးကြီးပြီး စားစရာရှိပြီး နေစရာမရှိသောဘဝ၊ နေစရာရှိပြီး စားစရာမရှိသောဘဝများမဖြစ်ရအောင် နိုင်ငံတော်အစိုးရအနေဖြင့်လည်းကောင်း၊ မိမိတို့ကိုယ်တိုင်အနေဖြင့်လည်းကောင်း အလေးထားဦးစားပေး ဆောင်ရွက်နေကြရမည်ဖြစ်သည်။

"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိပါကြောင်း၊ လာမည့်နှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုသည့် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်သူလူထု၏ စားဝတ်နေမှုဖူလုံစေရေးများကို အလေးထားဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း" အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၂) တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အခက်အခဲများအား ကျော်လွှားဆောင်ရွက်ရသည်များရှိသလို အောင်မြင်မှုများလည်း အထိုက်အလျောက်ရရှိခဲ့သည်ကို တွေ့ရပေသည်။ ရှေ့ဆက်၍ လာမည့်ဘဏ္ဍာရေးနှစ် ၂၀၂၂-၂၀၂၃ ခုနှစ်ကို ယခုဧပြီလမှ နောင်နှစ်မတ်လအထိ အကောင်အထည်ဖော်ဆောင်ရွက်ရတော့မည်ဖြစ်၍ ယမန်နှစ်က အားနည်းချက်များကို သင်ခန်းစာယူပြီး အားသာချက်များကို ဆက်လက်ဖော်ထုတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။

အဓိကမှာ ပြည်သူများ စားဝတ်နေရေးဖူလုံစေပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရန်အတွက် အလျင်အမြန် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို အောင်မြင်အောင်အကောင်အထည်ဖော်ရန် လိုအပ်သကဲ့သို့ ဆောင်ရွက်ဆဲစီမံကိန်းကြီးများ အမြန်ဆုံးပြီးပြတ်စေရေးနှင့် စီမံကိန်း၏ အကျိုးရလဒ်များကို ပြည်သူများ ရရှိခံစားနိုင်ရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားသည်။ ထို့အပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို တွန်းအားပေးရန် လိုအပ်သည့် အစီအမံများ ရေးဆွဲဆောင်ရွက်နိုင်ရေးကိုလည်း လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းလုပ်ငန်းကြီးများကို အနှောင့်အယှက်အခက်အခဲ အတားအဆီးများကြားမှ မဖြစ်မနေကြိုးပမ်းဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ ကျန်းမာရေးဆိုင်ရာ အကန့်အသတ်များထုတ်ပြန်ထားမှုကြောင့် ပြည်သူများ၏ လူမှုဘဝများနှင့် စီးပွားရေးလုပ်ငန်းများ ရပ်တန့်ကျဆင်းသွားခဲ့သည်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့်သက်ဆိုင်ရာတို့၏ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားနှုန်းများ လျော့နည်းကျဆင်းလာသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်စတင်ဖွံ့ဖြိုးလာရေးအတွက် အကန့်အသတ်များကို လျှော့ချဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် လုပ်သာကိုင်သာ ဆောင်ရွက်နိုင်မှုရှိလာပြီး စီမံကိန်းလုပ်ငန်းများပြီးစီးပါက အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းကာ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်မြင့်မားတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများအား ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး မူဝါဒများလျှော့ချပေးပြီး တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပွင့်လင်းလာသောအလုပ်အကိုင်အခွင့်အလမ်းများတွင် နိုင်ငံသားလူ့စွမ်းအားအရင်းအမြစ်များ လုပ်ကိုင်နိုင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ အလုပ်လုပ်နိုင်ကိုင်နိုင်သော လူ့စွမ်းအားအရင်းအမြစ်များ အမြန်ဆုံးပေါ်ထွက်ရေးအတွက် ဆရာအရည်အသွေးမြင့်မားရေး၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေး၊ အခြေခံပညာအတန်းပညာပြီးမြောက်မှုနှုန်း မြင့်မားရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးကို အလေးထား ဦးစားပေးဆောင်ရွက်နေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရပ်ဆိုင်းထားသည့် စက်ရုံ၊ အလုပ်ရုံများကို သတ်မှတ်အချိန်အတိုင်း လည်ပတ်နိုင်စေရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသာမက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင်လည်း ဈေးကွက်လိုအပ်ချက် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်နိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် ဝိုင်းဝန်းဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ ပြည်သူများ စားဝတ်နေရေးဖူလုံစေရေးအတွက် နိုင်ငံတော်အစိုးရက အလေးထားဦးစားပေးဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၇)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

## သာစည်မြို့နယ်၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



သာစည် မတ် ၁၆

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက် နံနက်ပိုင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးအောင်မိုးမြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးအောင်မိုးမြင့်နှင့် တာဝန်ရှိသူများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သာစည်မြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ ဝန်ထမ်းများ မြေပြင်လူဦးရေစာရင်းနှင့်တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံသည် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရာသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မင်းအေး၊ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သံတွဲခရိုင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရာနှုန်းပြည့် ပြီးစီး

သံတွဲ မတ် ၁၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇၇ ဒသမ ၉၆၉ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ကျောက်တန်း ကျေးရွာအုပ်စု ကျောက်တန်း- တောင်ပေါက်ကျောက်ချောလမ်းတစ်မိုင် ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။ ထို့ပြင် အဆိုပါလမ်းပေါ်ရှိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၉၃ ဒသမ ၄၅၃ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ပေ ၄၀ သံကူကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးမှုအခြေအနေကို သံတွဲမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟိန်းဇော်လတ်နှင့် တာဝန်ရှိသူများက မတ် ၁၅ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ လမ်းဖောက်လုပ်ပေးနိုင်မှုကြောင့် ဒေသအတွင်းရှိ ထွက်ကုန်များကို သံတွဲမြို့နယ်နှင့် ပေလီမြို့များသို့ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❐ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ရတနတ္တယ ပူဇာဂါထာတော်နှင့် မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပွားများပူဇော်ကြသည်။

**ပက်ဖျန်းပူဇော်**

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပန္နက်တော်စိုက်ထူပူဇော်သည့် ရှေးထုံးစဉ်လာကျမ်းဂန်တော်လာ အစဉ်အလာမြတ်များနှင့်အညီ ကျောက်စာရုံစေတီ ဗဟိုပန္နက်တော်ဌာနတွင် နေရာယူကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောက်စာရုံစေတီ ဗဟိုပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်ကို စိုက်ထူ၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က ကျောက်စာရုံစေတီ ပန္နက်တော်ဌာနရှိ သတ်မှတ်နေရာ အသီးသီး၌ ရတနာပန္နက်တော်များကို စိုက်ထူပြီး ပရိတ်နံ့သာရည်ပက်ဖျန်းပူဇော်ကြသည်။

**ရတနာပန္နက်တော် စိုက်ထူ**

ဆက်လက်ပြီး သာသနဝ္ဗိမာန်တော်ရတနာပန္နက်တော်ဌာနတွင် အသီးသီးနေရာယူကြပြီး မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရတနာပန္နက်တော်ကို စိုက်ထူ၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်သည်။ ထို့နောက် ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်တို့က သာသနဝ္ဗိမာန်တော် ပန္နက်တော်ဌာနရှိသတ်မှတ်နေရာအသီးသီး၌ ရတနာပန္နက်တော်များကို စိုက်ထူပြီး ပရိတ်နံ့သာရည်ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ "ဇယန္တော ဗောဓိယာ မူလေ" အစချီသည့် ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းကာ ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

အဆိုပါ ကျောက်စာရုံစေတီများ တည်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ် စိုက်ထူထားပြီး ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်း ဝင်ခဲ့သည့် မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းမော်ကွန်းကျောက်စာထားရှိမည့် ကျောက်စာရုံသည် အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေ ရှိမည်ဖြစ်ပြီး အခြားကျောက်စာရုံများအနေဖြင့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေ ရှိမည်ဖြစ်ကာ ကျောက်စာချပ်အနေဖြင့် အလျား ၄၅ လက်မ၊ အမြင့် ၇၅ လက်မ၊ ထု ၇ ဒသမ ၂ လက်မရှိမည်ဖြစ်ကြောင်း၊ ယခု ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို ရေးထိုးပူဇော်ပြီးပါကလည်း ကျောက်စာချပ်များသည် ဗုဒ္ဓမြတ်စွာ၏ နှုတ်ကပါဠ်တော်များကို ရေးထိုးပူဇော်ထားခြင်းဖြစ်သည့်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်ထားရှိမည်ဖြစ်ပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ရာတွင် ကျောက်စာတိုက်များအတွင်းရှိ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကိုပါ တစ်ပါတည်း ကြည်ညိုလေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ရေးထိုးပူဇော်နိုင်ရေး စီစစ်ဆောင်ရွက်ရာတွင် ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်တော်များ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်သွားမည်ဖြစ်ကြောင်းနှင့် သာသနဝ္ဗိမာန်တော်ကြီးကိုလည်း မြန်မာမှုလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာသနဝ္ဗိမာန်တော် ရတနာပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်ကို စိုက်ထူ၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

- **ကျောက်စာရုံစေတီများ တည်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ် စိုက်ထူထားပြီး ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးဖြစ်သည့်အပြင် ၂၀၁၃ ခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်း ဝင်ခဲ့သည့် မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား အလေးထားစံပြု၍ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်**
- **သမိုင်းမော်ကွန်းကျောက်စာထားရှိမည့် ကျောက်စာရုံသည် အလျား ၂၁ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၂၇ ပေရှိမည်ဖြစ်ပြီး အခြားကျောက်စာရုံများ အနေဖြင့် အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၈ ပေရှိမည်ဖြစ်ကာ ကျောက်စာချပ် အနေဖြင့် အလျား ၄၅ လက်မ၊ အမြင့် ၇၅ လက်မ၊ ထု ၇ ဒသမ ၂ လက်မ ရှိမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောက်စာရုံစေတီပန္နက်တော်ဌာနတွင် ရတနာပန္နက်တော်စိုက်ထူပြီး ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်စဉ်။

# ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မဇ္ဈိမာရုံပါဠိမြီစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒသာရထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် မတ် ၁၆**

၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။ စာမျက်နှာ ၅ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရရှိသည့် ဦးစိုင်းမွန်းအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဋ္ဌေးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏဝံသထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ ဒေါ်ဝိဇ္ဇာနန္ဒီ ကံသာကျောင်းသီလရှင်ဆရာကြီး ဒေါ်အဉ္စနဝတီထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့ရရှိသည့် ဒေါက်တာခင်မြဝင်းအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မရမ်းကုန်းမြို့နယ် ချမ်းမြေ့ဂုဏ်ဝေပရိယတ္တိ ပဋိပတ္တိ ပရဟိတသီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါက်တာဒေါ်ဆေကဝတီထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

✻ စာမျက်နှာ ၄ မှ

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

### ဩဝါဒကထာ မြွက်ကြား

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အင်းစိန်မြို့ ရွာမအနောက်ရပ်ကွက် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသက သမ္မောဒနီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗန်းမော်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ မဇ္ဈိမာရုံပါရမီစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒသာရထံ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ပူဇော်သည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သန်လျင်မင်းကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဋ္ဌေးပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏဝံသထံ ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံ လည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဝေဇယန္တာစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနရာသဘာဘိဝံသထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

### ဆက်ကပ်ပူဇော်

ဆက်လက်၍ ကောင်စီဝင် မန်းငြိမ်းမောင်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံလည်းကောင်း၊ ကောင်စီဝင် ဒေါ်အေးနုစိန်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသထံ လည်းကောင်း၊ ကောင်စီဝင် ဦးမောင်းဟာက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ နေပြည်တော် လယ်ဝေးမြို့နယ် အင်းသာအရှေ့ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံ လည်းကောင်း၊ ကောင်စီဝင် ဦးစိုင်းလုံးဆိုင်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တိုင်တစ်ရာအရှေ့ကျောင်းကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇိနောဒယထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက်ကောင်စီဝင်ဒေါက်တာဗညားအောင်မိုးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် တောင်စလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တတိက္ခထံ လည်းကောင်း၊ ကောင်စီဝင် ဦးရွှေကြိမ်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတာလင်္ကာရထံ လည်းကောင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မပိယထံ လည်းကောင်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် မော်လမြိုင်မြို့ ဓမ္မသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တနာရဒထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

စာမျက်နှာ ၆ သို့ ✻

✻ စာမျက်နှာ ၅ မှ

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဌေးက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ မဏိရတနာ မြတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အကိုရနှင့် ကျောက်ဖြူမြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍာဝထံ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရေးမြို့နယ် ပရိယတ္တိမာမက ဓမ္မရက္ခိတစာသင်တိုက်ဆရာတော် ဘဒ္ဒန္တခန္တီ၊ ဘားအံမြို့နယ် ဇွဲကပင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိဓဇနှင့် ခရမ်းမြို့နယ် ကမာကလူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏဝံသထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လျှုဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ သာသနဝိမာန်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကုလန္ဒသိင်္ဂီနှင့် စစ်ကိုင်းမြို့ ဒေါ်ဝိဇ္ဇာနန္ဒီကံသာကျောင်း သီလရှင်ဆရာကြီး ဒေါ်အဠ္ဌနဝတီတို့ထံ လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မရမ်းကုန်းမြို့နယ် ချမ်းမြေ့ဂုဏ်ဝေ ပရိယတ္တိ ပဋိပတ္တိ ပရဟိတ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါက်တာဒေါ်ဆေကဝတီထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်များကို ချီးမြှင့်ပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသည့် ဦးစိုင်းမွန်းအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

**ချီးမြှင့်အပ်နှင်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါက်တာစန်းစန်းရီနှင့် ဒေါက်တာခင်မြဝင်းတို့အား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ညွှေ့ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဝေဇယန္တာစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနရာသဘာဘိဝံသထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ နေပြည်တော် လယ်ဝေးမြို့နယ် အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် တိုင်တစ်ရာအရှေ့ကျောင်းကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇိနောဒယထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဆက်ကပ်လှူဒါန်းချီးမြှင့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ပြည်တွင်း/ပြည်ပ ရဟန်း ၂၈၄ ပါး၊ သီလရှင်ဆရာကြီး ၄၁ ပါးနှင့် လူပုဂ္ဂိုလ် ၄၁ ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ပြီး ယနေ့ကျင်းပသည့် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၉ ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၈ ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၈ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၃ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး ၃ ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄၁ ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ရဟန်း ၆ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်ခဲ့ကာ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၁ ဦးနှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၂ ဦးတို့ကိုလည်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ ကျန်ရှိသည့် ဆရာတော်ကြီးများ၊ သီလရှင်ကြီးများနှင့် လူပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အသီးသီး ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

စာမျက်နှာ ၇ သို့ ✻

**✻ စာမျက်နှာ ၆ မှ**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပြည်ပဘွဲ့ခံဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရသီရိလင်္ကာနိုင်ငံ Sithulpawwa Rajamaha Viharaya, Galle ကျောင်းတိုက်ဆရာတော် Venarable Metarenba Hemaratana Nayaka Thero နှင့် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီရိလင်္ကာနိုင်ငံ University of Kelaniya ဆရာတော် Director Venerable Medawachchiye Dhammajothi Thero တို့အား ဆရာတော်များ ခေတ္တသီတင်းသုံးလျက်ရှိသည့်နေရာသို့ သွားရောက်ဖူးမြော် ကြည်ညို၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုကဲ့သို့ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို လာရောက်ဆက်ကပ်ခံယူခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သည့်နိုင်ငံဖြစ်သကဲ့သို့ သီရိလင်္ကာနိုင်ငံသည်လည်း ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သည့်နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ထေရဝါဒဗုဒ္ဓသာသနာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လျှောက်ထားသည်။

**မိန့်ကြား**

ထို့နောက် ဆရာတော်က ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ကိုးကွယ်သည့်ဘာသာများ တူညီသကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေးသည်လည်း နှစ်ပေါင်းများစွာ တည်တံ့ခိုင်မြဲလျက်ရှိကြောင်း၊ သီရိလင်္ကာနိုင်ငံရှိ University of Kelaniya တွင်လည်း မြန်မာနိုင်ငံမှ သံဃာတော်အပါး ၃၀၀ ကျော် တက်ရောက်၍ သာသနာတော်ဆိုင်ရာပညာရပ်များကို သင်ယူလျက်ရှိသကဲ့သို့ အခြားနိုင်ငံများမှလည်း လာရောက် သင်ယူလျက်ရှိပါကြောင်း၊ မိမိတို့ တက္ကသိုလ်အနေဖြင့်လည်း မြန်မာနိုင်ငံရှိ သီတဂူဗုဒ္ဓတက္ကသိုလ်နှင့် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း မိန့်ကြားသည်။

**များစွာအထောက်အကူပြု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီရိလင်္ကာနိုင်ငံတွင် မြန်မာနိုင်ငံမှ စာသင်သားသံဃာတော်များ ပညာသင်ကြားရာ၌ အဆင်ပြေစေရေးအတွက် မိမိအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သီတဂူဗုဒ္ဓတက္ကသိုလ်အပါအဝင် ဗုဒ္ဓတက္ကသိုလ်များ ဖွင့်လှစ်ထားရှိပြီး ဥရောပနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံများမှ စာသင်သံဃာတော်များနှင့် သီလရှင်များလည်း လာရောက်သင်ကြားလျက်ရှိပါကြောင်း၊ ထိုသို့သာသနာရေးဆိုင်ရာ ပညာရပ်များကို သင်ကြားနိုင်ရေးအတွက် နိုင်ငံအသီးသီးရှိ ဆရာတော်ကြီးများ၏ ကြိုးပမ်းဆောင်ရွက်မှုသည် ထေရဝါဒဗုဒ္ဓ သာသနာပြန့်ပွားမှုကို များစွာအထောက်အကူပြုစေပါကြောင်း၊ အလားတူ ကမ္ဘာ့အကြီးဆုံး ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း ထုဆစ်တည်ဆောက်လျက်ရှိပြီး ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်တော်များ၌ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ရေးထိုးပူဇော်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းမှာ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက ဓမ္မလက်ဆောင်အား ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဗညားအောင်မိုး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် တောင်စလင်းတိုက်သစ်ဆရာတော်ဘဒ္ဒန္တတိက္ခထံဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်း အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇောတာလင်္ကာရထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရေဝတီတိုင်းဒေသကြီး ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ ဓမ္မပိယထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ် မော်လမြိုင်မြို့ ဓမ္မသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တနာရဒထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဋွေး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျောက်ဖြူမြို့ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဏဝထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ရ ဘားအံမြို့နယ် ဇွဲကပင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကဝိဓဇထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး (၁၉)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးတက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံ

**နေပြည်တော် မတ် ၁၆**

(၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 19th ASEAN Chiefs of Defence Forces Meeting (ACDFM–19) တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ၌ ရောက်ရှိနေသည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ယနေ့တွင် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၊ တာဝန်ရှိသူများနှင့် SOKHA Hotel ရှိ အစည်းအဝေးခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ယာယီအကြီးအကဲ Major General Khamlieng OUTHAKAISONE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (ယာပုံ)၊ ဗီယက်နမ်ပြည်သူ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Senior Lieutenant General Nguyen Tan Cuong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံပွဲများတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



တွေ့ဆုံပွဲများအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၊ တာဝန်ရှိသူများသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များနှင့် နိုင်ငံအလိုက် သီးခြားစီ တွေ့ဆုံ



**နေပြည်တော် မတ် ၁၆**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံ တပ်မတော် စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 12th ASEAN Military Operation Meeting (12th AMOM) သို့ တက်ရောက်ခဲ့သည့် မြန်မာ့တပ်မတော်မှ စစ်ဦးစီး အရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံမှ (12th AMOM) ဥက္ကဋ္ဌဖြစ်သူ အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ် Major General Pen Sokrethvithyea၊ ထိုင်းနိုင်ငံမှ Lieutenant General Chitchanok Nujjaya (ဝဲပုံ)၊ ဖိလစ်ပိုင်နိုင်ငံမှ Major General Alex S Rillera Pa၊ လာအိုနိုင်ငံမှ Brigadier General Sonethong Keolokham၊ ဘရူနိုင်းနိုင်ငံမှ Col. Saifulrizal bin Abdul Latif တို့နှင့် သီးခြားစီ တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲများတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် အစိုးရ၏ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး (၁၉) ကြိမ်မြောက် အာဆီယံ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး တက်ရောက်ကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များနှင့် နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံ



**နေပြည်တော် မတ် ၁၆**

(၁၉)ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (19th ASEAN Military Intelligence Meeting–AMIM–19) တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာ့တပ်မတော်မှ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် မတ် ၁၄ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံမှ Lieutenant General Hun Manith ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (ယာပုံ)၊ မတ် ၁၅ ရက်တွင် ထိုင်းနိုင်ငံမှ Lieutenant General Natee Wongissares ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံမှ Lieutenant General Le Hona Son ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံမှ Lieutenant General Datuk Ahmad Norihan Bin Jalal ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံမှ Colonel Phimmachanh VONGPANNA ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသတွင်း လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အာဆီယံနိုင်ငံများမှ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များသည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**တိုက်ကြီး မတ် ၁၆**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁–၂၀၂၂ (ခြောက်လ) ဘဏ္ဍာနှစ်ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်းစီဖြင့် ဇန်နဝါရီလ တတိယအပတ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် မြို့နယ်အတွင်းရှိ ရေတွင်းကုန်းကျေးရွာ၊ ကံကလေးကျေးရွာ၊ စံပြကျေးရွာ၊ ဘောလကွတ်ကျေးရွာ၊ ထန်းပင်ကုန်းကျေးရွာ၊ ကွမ်းခြံကုန်းကျေးရွာ၊ လဟာတကောကျေးရွာတို့တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၇၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၇၃ ဒသမ ၅ သန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း နှစ်ခု၊ ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်း နှစ်ခု၊ ဂဝံလမ်းခင်းခြင်းလုပ်ငန်း သုံးခု စုစုပေါင်းလုပ်ငန်း ခုနစ်ခုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ပေးမှုဖြင့် ကျေးရွာကော်မတီများနှင့် ကျေးရွာပြည်သူလူထုတို့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယင်းလုပ်ငန်းများသည် ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# နေပြည်တော်ကောင်စီနယ်မြေ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်

**နေပြည်တော် မတ် ၁၆**

နေပြည်တော်ကောင်စီမှ ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဥပ္ပါတသန္တိစေတီတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ်အမှူးပြုသော ဘွဲ့ခံဆရာတော်ကြီးများကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ မထေရ်မြတ်ထံမှ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ နေပြည်တော် ပျဉ်းမနားမြို့နယ် အုန်းတောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာသဘအရှင်သူမြတ်ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။



ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ပေးအပ်ကြသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာသာသနာနုဂ္ဂဟဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီး၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ရွှေဥ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆက်ကပ်ပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားကို နမောတဿသုံးကြိမ် ဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက်ပါဠိနယူပဒေသကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံမှ ငါးပါးသီလခံယူကာ ပရိတ်တရားတော်များ နာယူကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးတို့က ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်၊ အဆောင်အယောင်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော် နှစ်ပါးကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက အခြားသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သံဃာတော်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက သီဟသုဓမ္မသိင်္ဂီ၊ သုဓမ္မသိင်္ဂီ၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်လေးပါးတို့ကိုလည်းကောင်း ဆက်ကပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးတို့က သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ရရှိသည့် လူပုဂ္ဂိုလ် ခုနစ်ဦးတို့အား ချီးမြှင့်အပ်နှင်းခဲ့ပြီးနောက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့သည်။

ယနေ့ကျင်းပသည့် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းပွဲတွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာတော် လေးပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာတော် နှစ်ပါးနှင့် သီလရှင် သုံးပါး၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့ရဆရာတော် နှစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော် သုံးပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော် သုံးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ ဆရာတော် တစ်ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့ရ ဆရာတော် တစ်ပါး၊ ချင်းပြည်နယ်တွင် သာသနာပြုလုပ်ငန်း ဆောင်ရွက်နေသော သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော် နှစ်ပါးနှင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ သီလရှင် တစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ အမျိုးသား တစ်ဦး၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့ရ အမျိုးသား သုံးဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ရ အမျိုးသမီး တစ်ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ရ အမျိုးသား တစ်ဦး၊ သုဓမ္မသိင်္ဂီဘွဲ့ရ အမျိုးသမီး တစ်ဦးတို့အား ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ခင်းဧည့်ခံသည့် ကြိုဆိုညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် မတ် ၁၆**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များအစည်းအဝေး 19th ASEAN Chiefs of Defence Forces Meeting (ACDFM–19) သို့ တက်ရောက်မည့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့ညပိုင်းတွင် ဖနွမ်းပင်မြို့ Sokha Hotel ၌ ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General VONG PISEN က တည်ခင်းဧည့်ခံသည့် ကြိုဆိုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**တက်ရောက်**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အတူ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။





ညစာစားပွဲ အခမ်းအနားတွင် ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အာဆီယံနိုင်ငံများမှ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တေးဂီတအဖွဲ့က ရိုးရာအကအလှများ၊ အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်

## ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများကို ၂၀၂၂ ခုနှစ်အတွင်း ပြီးစီးအောင်မြင်စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၁၆**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် (၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။



**တက်ရောက်**

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pan Sorasak သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာဦးစားပေးလုပ်ငန်း ၁၉ ခုကို ဆွေးနွေးအတည်ပြုသည်။ ဝန်ကြီးများက အာဆီယံစီးပွားရေးအသိုက်အဝန်း ၂၀၂၅ အကောင်အထည်ဖော်မှုအောက်မှ ၂၀၂၂ ခုနှစ်အတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို အချိန်မီဆောင်ရွက်ရေး ဆွေးနွေးဆုံးဖြတ်သည်။ ထို့နောက် ဝန်ကြီးများက (၄၁) ကြိမ်မြောက်အာဆီယံ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့က တင်ပြသည့် အာဆီယံ၏ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအပေါ် ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ် ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများအပေါ် ကြိုဆိုထောက်ခံကြောင်းနှင့် ဦးစားပေးလုပ်ငန်းများတွင် ပါဝင်သည့် Digital Startup Ecosystem ရေးဆွဲရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေသော စိုက်ပျိုးရေးဆိုင်ရာ လမ်းညွှန်ချက်ရေးဆွဲရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေသည့် အာဆီယံခရီးသွားမှုဘောင် ရေးဆွဲနိုင်ရေးအတွက် လေ့လာမှုများ ဆောင်ရွက်ခြင်းကိစ္စရပ်များသည် ကာလကြာရှည်စွာဖြစ်ပေါ်နေသည့် ကိုဗစ်ကပ်ရောဂါ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အခြေခံကောင်းများဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများကို ၂၀၂၂ ခုနှစ်အတွင်း ပြီးစီးအောင်မြင်စေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဆက်လက်ကျင်းပ**

(၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် တက်ရောက်သည်။

မွန်းလွဲပိုင်းအစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံအသိုက်အဝန်းတစ်ခုလုံးအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း တုံ့ပြန်မှုများဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပါဝင်သည့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် အာဆီယံစီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ဒစ်ဂျစ်တယ် စီးပွားရေးပေါင်းစည်းရေးဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းသည်။ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို အဆင့်မြှင့်တင်ရန်အတွက် ညှိနှိုင်းမှုများ စတင်ကြောင်းကြေညာခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်သည့်အနေဖြင့် အရေးကြီးကုန်စည်များအပေါ် အကောက်ခွန်မဟုတ်သော စီမံဆောင်ရွက်မှုများ ဖယ်ရှားရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ထပ်မံသက်တမ်းတိုးရန် သဘောတူခဲ့ကြသည်။

ထို့ပြင် ဝန်ကြီးများက ယူကရိန်း-ရုရှား ပဋိပက္ခကြောင့် အာဆီယံနိုင်ငံများအပေါ် စီးပွားရေးအရ သက်ရောက်နိုင်သည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(၂၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးမတိုင်မီ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့ တွေ့ဆုံဆွေးနွေးပွဲကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အဆိုပါတွေ့ဆုံပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံမှ စီးပွားရေးဝန်ကြီးများနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် တက်ရောက်သည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံဆွေးနွေးပွဲတွင် အာဆီယံ စီးပွားရေးအကြံပေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံမှ Mr. Neak Oknha Kith Meng နှင့် နိုင်ငံအလိုက် အဖွဲ့ဝင်များက ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများနှင့် အာဆီယံစီးပွားရေးပေါင်းစည်းမှု ပိုမိုခိုင်မာစေရေးအတွက် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးစိန်ခေါ်မှုများကို အာဆီယံ၏ အချက်အချာကျမှု၊ ဒေသတွင်း စည်းလုံးညီညွတ်မှုတို့ဖြင့် ကျော်လွှားရေး၊ ကိုဗစ်-၁၉ အလွန် စီးပွားရေးပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ဝန်ကြီးများက အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ဒေသတွင်း ကိုဗစ်-၁၉ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်းနှင့် ဒေသတွင်းစီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရန်ကုန်တိုင်းဒေသကြီး၌ နေကြာသီးနှံ ဧက ၈၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးမည်

**နေပြည်တော် မတ် ၁၆**

ဒေသ၏ ရေမြေရာသီဥတု ထူးခြား အားသာချက်များကို စနစ်တကျအသုံးချ၍ ဈေးကွက်အလားအလာရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း မတ် ၁၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၉) အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။



**ဆွေးနွေး**

တွေ့ဆုံပွဲတွင် ဒေသဝမ်းစာဖူလုံရေး၊ အာဟာရဓာတ်ပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်သော စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသော တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာရေး၊ အကျိုးတူ ကန်ထရိုက်လယ်ယာစနစ် တိုးမြှင့်လုပ်ဆောင်နိုင်ရေးနှင့် ဌာန ပုဂ္ဂလိက တောင်သူတို့ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး၌ နှမ်းစပါး၊ မိုးစပါး ဧက ၁၃ သိန်းကျော်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံအပါအဝင် အဓိကသီးနှံရှစ်မျိုး၏ စိုက်ပျိုးဧရိယာ စုစုပေါင်းဧက ၁၈ သိန်းကျော်ရှိပြီး စားသုံးဆီဖူလုံရေးအတွက် ယခုနှစ်ဆောင်းသီးနှံမှစတင်၍ နေကြာသီးနှံ ဧက ၈၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရန်ကုန်မြို့ ၉ မိုင်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း (၁) ရှိ ဆည်တမံများ ထိန်းသိမ်းရေးဆိုင်ရာ စက်ယန္တရားများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စက်မှုလုပ်ငန်းခွင် သင်တန်းကျောင်းသို့ သွားရောက်ကြပြီး မော်တော်ယာဉ်နှင့် စက်ယန္တရားများ ကိုင်တွယ်မောင်းနှင်ခြင်းဆိုင်ရာသင်တန်း၊ စက်ပြင်ဆင် ထိန်းသိမ်းခြင်း သင်တန်း၊ စက်မှုနှင့် လျှပ်စစ်ဘာသာရပ်ဆိုင်ရာ သင်တန်း၊ လျှပ်စစ်နှင့် ဂဟေဆက်သင်တန်း ဖွင့်လှစ်ပို့ချ ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး ဌာနခွဲ၏ ပိုးသတ်ဆေး ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများ၊ မှိုအဆိပ်စစ်ဆေးခြင်း လုပ်ငန်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ သွင်းကုန်၊ ထုတ်ကုန်များအပေါ် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးကြပ်မတ်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသနဌာနစိတ်၏ သုတေသနဓာတ်ခွဲခန်းများ၊ အရည်အသွေး ကောင်းမွန်သော ကာကွယ်ဆေးများ၊ ကုသဆေးများနှင့် အားဖြည့်ဆေးဝါးများဆိုင်ရာ လုပ်ငန်းများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ အပင်ဇီဝနည်းပညာဗဟိုဌာန၏ သီးနှံမျိုးစေ့များ မျိုးဗီဇမှန်ကန်ရေးနှင့် မျိုးသန့်စင်ရေးအတွက် ခေတ်မီနည်းပညာ အသုံးပြု၍ မျိုးဗီဇခွဲခြား စိစစ်ခြင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ငှက်ပျော၊ ဝဥနှင့် သစ်ခွတစ်သျှူး မျိုးပွားနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။(ဝဲပုံ)

ထိုမှတစ်ဆင့်ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ရှိ စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်တန်းနည်းပြများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အရည်အသွေးပြည့်ဝသည့် စက်မှုလယ်ယာလုပ်သားကောင်းများ လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ သင်တန်းကျောင်း၏ သင်ကြားမှုအထောက်အကူပြု စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော် (၂၆၁၀) ပြည့်နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ ရေစက်ချအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၆

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော် (၂၆၁၀) ပြည့်နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ရေစက်ချအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ သ.စ.အ ပါဠိပါရဂူ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ယောဆရာတော်ထံမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များ ရွတ်ဖတ်ပူဇော်သော ပရိတ်တရားတော်များ နာကြားကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးဘိုသင်းက ဗုဒ္ဓပူဇနိယ မင်္ဂလာအနုမောဒနာအား လျှောက်ထားသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋကဓရ ပါဠိပါရဂူဆရာတော် ဘဒ္ဒန္တ နာဂိတထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်ချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် စေတီတော်ရင်ပြင် ရောင်တော်ဖွင့်တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီး တင်လှူဆက်ကပ်လှူဒါန်းပွဲကို ရွှေတိဂုံစေတီတော် ရင်ပြင်တောင်ဘက်မုခ်ရှိ ဧည့်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကရုံးဝန်ထမ်းများက ဆွမ်းတော်တင်လှူဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ယနေ့ တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရားများနှင့် အနယ်နယ်အရပ်ရပ်ရှိ စေတီတော်များတွင် ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**ကိုကိုဇော်(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ အပ်နှင်းမဟာမင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



**ကြွရောက်တော်မူ**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒွိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂသာမိ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ သာသနာပြုဘွဲ့ရ လူပုဂ္ဂိုလ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလ ခံယူဆောက်တည်**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒသိရီက သမ္မောဒနီယ ဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၃၇ ပါး၊ သီလရှင်ဆရာကြီး ခြောက်ပါး စုစုပေါင်း ၄၃ ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်းနှင့် သာသနာပြုဘွဲ့ရလူပုဂ္ဂိုလ် ၁၀ ဦးတို့ကို ဘွဲ့တံဆိပ်အပ်နှင်းခြင်းတို့ကို ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ရုပ်သိမ်းပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင် ဆရာကြီးများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် မတ် ၁၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ လေသာကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ အာသောကရာမကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မြို့မကြက်စားပြင် ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ သာသနဝံလင်္ကာရပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ရတနာပုံ(အကျော်)ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနဝေပုလ္လပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပြေးဆွဲမှုတိုးချဲ့ရန် အစ္စရေးနှင့် အီဂျစ်တို့ သဘောတူညီ




ဂျေရုဆလင် မတ် ၁၆

အစ္စရေးနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့သည် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်းများပြေးဆွဲမှုကိုတိုးချဲ့ရန် သဘောတူညီခဲ့ပြီး တဲလ်အဗစ်မြို့နှင့် ရှမ်အီလ်ရှိတ်ခ်မြို့တို့အကြား တိုက်ရိုက်လေကြောင်းလိုင်းသစ်ပြေးဆွဲမှုကို မကြာမီကာလအတွင်းစတင်ရန် သဘောတူညီခဲ့ကြောင်း အစ္စရေးနိုင်ငံက မတ် ၁၆ ရက်တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့အပြင်ဘက်ရှိ ဘင်ဂူရီအွန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ရှိ ရှမ်အီလ်ရှိတ်ခ်မြို့တို့အကြား ပြေးဆွဲမည့် အဆိုပါတိုက်ရိုက်လေကြောင်းလိုင်းသစ်ပြေးဆွဲမှုကို ဧပြီလအတွင်း စတင်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်၏ ရုံးက ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

အဆိုပါ နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းလိုင်းသစ် ပြေးဆွဲမှုဆိုင်ရာ သဘောတူညီချက်အပေါ် ကြိုဆိုကြောင်းနှင့် ယင်းသဘောတူညီချက်သည် အစ္စရေးနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား ဆက်ဆံရေးများကို ပိုမိုနွေးထွေးစေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နက်ဖ်တာလီဘန်နက်က ပြောကြားသည်။

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့မှ အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့သို့ အီဂျစ်အဲလ်လေကြောင်းလိုင်းစတင်ပြေးဆွဲခဲ့ပြီး နောက်တစ်လဖြစ်သော ပြီးခဲ့သည့်စက်တင်ဘာလအတွင်းက အစ္စရေးဝန်ကြီးချုပ်နှင့် အီဂျစ်သမ္မတ အယ်လ်စီစီတို့အကြား ပြုလုပ်သည့် အစည်းအဝေးတွင် ယခုကဲ့သို့ နှစ်နိုင်ငံ တိုက်ရိုက်လေကြောင်းလိုင်းသစ်တိုးချဲ့မှုနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

## ဖိလစ်ပိုင်နိုင်ငံက ပြည်ပခရီးသည်များအား ပြည်ဝင်ခွင့်ကန့်သတ်ချက်များ ဖြေလျှော့

မနီလာ မတ် ၁၆

ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးသော ပြည်ပမှခရီးသည်များအား နိုင်ငံအတွင်းဝင်ရောက်ခွင့် ကန့်သတ်ချက်များကို ယခုလမှစတင်၍ ဖြေလျှော့လိုက်ကြောင်း ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေး ဗျူရိုက ယနေ့ပြောကြားသည်။

ယခုချမှတ်လိုက်သော စည်းမျဉ်းအရ ပြည်ဝင်ခွင့်ဗီဇာလိုအပ်သည့် နိုင်ငံနှင့်ဒေသများမှ ခရီးသည်များသည် ပြည်ဝင်ခွင့် ကင်းလွတ်ခွင့်ဆိုင်ရာ အထောက်အထားများကို ဖိလစ်ပိုင်နိုင်ငံသို့ မလာရောက်မီ ရယူထားရန်လိုအပ်ကြောင်း ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးဗျူရိုအကြီးအကဲ ဂျေမီမိုရမ်တီက ပြောကြားသည်။

အဆိုပါခရီးသည်များသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း ဆေးလက်မှတ်နှင့် ၄၈ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပြီးကြောင်း လက်မှတ်ကိုလည်း တင်ပြရန်လိုအပ်ကြောင်း သိရသည်။ သို့ရာတွင် ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ မိဘအုပ်ထိန်းသူနှင့်အတူ လာရောက်လည်ပတ်သော အသက် ၁၂ နှစ်အောက်ကလေးငယ်များမှာ အဆိုပါကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ရရှိကြောင်း သိရသည်။ ယခုကဲ့သို့ပြည်ဝင်ခွင့် ကန့်သတ်ချက်များကို ဖြေလျှော့လိုက်ခြင်းအားဖြင့် ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ ပြည်ပမှခရီးသည်များ ပိုမိုရောက်ရှိလာမည်ဖြစ်သည်။ နိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ၂၀၁၉ ခုနှစ်အတွင်းက နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၁၂ ဒသမ ၇ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းတာဝန်ရှိသူများက ပြောကြားသည်။ ပြည်ပရှိ ဖိလစ်ပိုင်နိုင်ငံသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသည် ပြည်ပခရီးသည်များအတွက် ပြည်ဝင်ခွင့်ဗီဇာပြုလုပ်ပေးခြင်းကို ဧပြီ ၁ ရက်မှစတင်၍ ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးသည့် ပြည်ပခရီးသည်များအား ပြည်ဝင်ခွင့်ပြုမည့် အစီအစဉ်သည် နိုင်ငံ၏ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်လာသည်ကို ညွှန်ပြနေခြင်းပင်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး ဘာနက်ဒါတီက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**





## အင်ဒိုနီးရှားနိုင်ငံက ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းအား ကာကွယ်ဆေးထိုးနှံပေးရန် ဆောင်ရွက်

ဂျကာတာ မတ် ၁၆

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံအတွင်းရှိ ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်ဇန်နဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၌ တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် အသုံးပြုခဲ့သည့် ကာကွယ်ဆေးများအပါအဝင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၃၆၁ ဒသမ ၅၃ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ထိုးနှံပေးပြီးဖြစ်**

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၌ ပြည်သူ ၁၉၃ ဒသမ ၉၀ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ပြည်သူ ၁၅၂ ဒသမ ၄၀ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်ခံရသူ နှစ်သိန်းနီးပါး ထပ်မံတွေ့ရှိ

ဟနွိုင်း မတ် ၁၆

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၅၅၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါကူးစက်မှု အရေအတွက်သည် မတ် ၁၅ ရက်တွင် တွေ့ရှိခဲ့သည့် နေ့စဉ်ကူးစက်မှုအရေအတွက်ထက် ၅၀၇၈ ဦး ပိုမိုများပြားသည်။

ရောဂါထပ်မံ ကူးစက်ခံရသူများအနက် ၁၈၀၅၅၂ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန်ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုဆက်လက်မြင့်တက်လျက်ရှိသည့်မြို့တော် ဟန္နိုင်း၌ ရောဂါကူးစက်ခံရသူ ၂၆၂၂၀၊ ငဲအန်းစီရင်စုတွင် ၁၀၇၉၇ ဦးနှင့် ဗင့်ဖုစီရင်စုတွင် ၈၈၇၅ ဦး တွေ့ရှိခဲ့သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆၈၂၀၄၅၈ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၁၆၀၇ ဦးရှိသည်။ သို့သော် ကိုဗစ်လူနာ ၃၅၄၇၄၈၈ ဦး (ရောဂါကူးစက်ခံရသူများ၏ ၅၂ ရာခိုင်နှုန်း)သည် ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီ ဖြစ်သည်။

နိုင်ငံအတွင်း လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ သန်း ၂၀၀ ဒသမ ၇ ကျော် ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**



## မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၅၃၄ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မတ် ၁၆

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၅၃၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၃၈၇၂၁၃၅ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၅၈၄၃ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၆၉၁ ဦးသည် ပြည်ပမှ ပြန်လည် ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၃၃၉၉၄ ဦးရှိလာကြောင်း၊ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၅၃၃၉၉၄ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၃၀၄၁၄၇ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၃ ဒသမ ၇ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၇၈ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် ၄၇ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**

# နျူကလီးယားအရေး ဆွေးနွေးပွဲတွင် သဘောတူညီချက်များလျင်မြန်စွာရရှိရေး ရုရှားနှင့်အီရန် လက်တွဲဆောင်ရွက်သွားမည်

**မော်စကို မတ် ၁၆**

ရုရှားနှင့်အီရန်တို့သည် အီရန်နျူကလီးယား သဘောတူညီချက်အလျင်အမြန် ပြန်လည်ရရှိရေးအတွက် လက်တွဲဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ လက်ဗ်ရော့ဗ်က ယမန်နေ့တွင်ပြောကြားသည်။

အဆိုပါနျူကလီးယားအရေးဆိုင်ရာ တရားဝင်လုပ်ငန်းမူဘောင်အတိုင်း ဝါရှင်တန်အနေဖြင့် ဆောင်ရွက်ရန် မော်စကိုက လိုလားလျက်ရှိပြီး အီရန်အား ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကိုအမြန်ဆုံးဖယ်ရှားရန်လည်း မော်စကိုက တောင်းဆိုကြောင်း ရုရှားနိုင်ငံသို့ရောက်ရှိနေသော အီရန်နိုင်ငံခြားရေးဝန်ကြီး ဟူစိန် အမန်အဒိုလာဟင်နှင့်တွေ့ဆုံဆွေးနွေးအပြီးတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ရုရှားသည် နျူကလီးယားဆိုင်ရာသဘောတူညီချက်ရရှိရေးတွင် နှောင့်နှေးစေရန် ဆောင်ရွက်မှုများရှိနေကြောင်း အမေရိကန်၏ စွပ်စွဲချက်အား ရုရှားကငြင်းဆိုလိုက်ပြီး အမေရိကန်သည်နျူကလီးယားအရေးတွင် ၎င်းကိုယ်တိုင်ခိုင်မာသောဆုံးဖြတ်ချက်မချမှတ်နိုင်ဘဲ အခြားနိုင်ငံများအား ဆွေးနွေးပွဲနှောင့်နှေးမှုအတွက် ပြစ်တင်ပြောဆိုလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ အီရန်အပေါ် အရေးယူပိတ်ဆို့မှုများရုပ်သိမ်းရေး ရုရှား၏အပြုသဘောဆောင်သော ဆောင်ရွက်ချက်များအတွက် ကြိုဆိုကြောင်း အဒိုလာဟင်က ပြောကြားသည်။ အမေရိကန်အနေဖြင့် အဆိုပါဆွေးနွေးပွဲတွင် များပြားသောတောင်းဆိုမှုများကို မပြုလုပ်ခြင်းဖြင့် နျူကလီးယားသဘောတူညီချက်ပြန်လည်ရရှိရေး လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် အမေရိကန်သက်ကြီးရွယ်အိုများအား လေးကြိမ်မြောက်ကာကွယ်ဆေးထိုးနှံနိုင်ရေး ခွင့်ပြုချက်ရရှိရန် တောင်းဆို

**ဝါရှင်တန် မတ် ၁၆**

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့သည် ၎င်းတို့ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အမေရိကန်နိုင်ငံရှိ အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အိုများအား လေးကြိမ်မြောက် ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် အမေရိကန်အာဏာပိုင်အဖွဲ့ထံမှ ခွင့်ပြုချက်ရရှိရန် တောင်းဆိုထားကြောင်း သိရသည်။

ယင်းကုမ္ပဏီနှစ်ခုတို့သည် အသက် ၆၅ နှစ်အထက်ရှိ အမေရိကန်သက်ကြီးရွယ်အိုများအား လေးကြိမ်မြောက် ကာကွယ်ဆေးထိုးနှံရေးနှင့် စပ်လျဉ်းသည့် လျှောက်ထားချက်ကို အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ တင်သွင်းပြီးဖြစ်ကြောင်း Pfizer ဆေးဝါးကုမ္ပဏီက မတ် ၁၅ ရက်တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံ၌ အသက် ၆၀ နှင့်အထက် ရှိသူများအား Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လေးကြိမ်မြောက်ထိုးနှံပေးခဲ့ပြီးနောက် ရောဂါခုခံနိုင်စွမ်းမြင့်တက်လာကြောင်း Pfizer ဆေးဝါးကုမ္ပဏီက ပြောကြားသည်။

ထို့ပြင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် တတိယအကြိမ် အပိုဆောင်းထိုးနှံပြီးချိန်တွင် အပြင်းအထန်ဖျားနာခြင်းနှင့် သေဆုံးခြင်းကို ကာကွယ်နိုင်စွမ်းရှိသည်ဟု ယူဆကြောင်း Pfizer ဆေးဝါးကုမ္ပဏီက ပြောကြားသည်။ သို့ရာတွင် အဆိုပါ ကာကွယ်ဆေး၏ ထိရောက်မှုသည် အချိန်နှင့်အမျှ လျော့ကျသွားနိုင်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**




# တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လေးသိန်းကျော် စံချိန်တင်တွေ့ရှိ

**ဆိုးလ် မတ် ၁၆**

တောင်ကိုရီးယားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၀၇၄၁ ဦးထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၆၂၉၂၇၅ ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း ပထမဆုံးအကြိမ်အဖြစ် ယခုကဲ့သို့ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသိန်းကျော်အထိ ရှိလာခဲ့ကြောင်း တောင်ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများမှတစ်ဆင့် ဆိုးလ်မြို့ပြဒေသတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။ ယခု ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူများအနက် ဆိုးလ်ဒေသခံ ၈၁၃၉၅ ဦး၊ ဂျောင်ဂီပြည်နယ်၌ ၉၄၈၀၆ ဦးနှင့် အင်ချွန်းဆိပ်ကမ်းမြို့၌ ၂၈၄၅၃ ဦးရှိကြောင်း သိရသည်။ ထို့ပြင် နိုင်ငံအတွင်းရှိ ကျေးလက်ဒေသများတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာခဲ့ပြီး ကျေးလက်ဒေသများရှိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ၏ ၅၁ ဒသမ ၁ ရာခိုင်နှုန်း( ၂၀၄၆၅၄ ဦး) ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၁၁၇ ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း တွေ့ရှိရသဖြင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ စုစုပေါင်း ၃၀၄၇၅ ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၆၄ ဦးထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၀၅၂ ဦးရှိလာသည်။ လက်ရှိအချိန်တွင် နိုင်ငံလူဦးရေ၏ ၈၇ ဒသမ ၅ ရာခိုင်နှုန်း(၄၄၉၁၄၇၃၁ ဦး) အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူဦးရေမှာ ၄၄၄၄၃၇၂၆ ဦး(၈၆ ဒသမ ၆ ရာခိုင်နှုန်း) ရှိကာ အပိုဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၂၁၈၅၃၉၃ ဦး ( ၆၂ ဒသမ ၇ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# လာအိုနိုင်ငံ၌ နေ့စဉ်ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လာ

**ဗီယင်ကျန်း မတ် ၁၆**

လာအိုနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၄၈ ဦးထပ်မံတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၄၈၂၅၇ ဦးရှိလာကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ယခုရက်သတ္တပတ်အတွင်း နေ့စဉ်ကူးစက်မှုအရေအတွက် သိသာစွာ မြင့်တက်လာလျက်ရှိသည်။ လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက နေ့စဉ်ကူးစက်မှုအရေအတွက် ၃၀၀ အောက်သာရှိပြီး မတ် ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၇၀၀ ကျော်အထိ မြင့်တက်လာသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်နှင့် ကာကွယ်ဆေးများ ထိုးနှံမှုခံယူကြရန် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် ရတ်တာနာဆေ ဖက်ဆိုဗန်ရှ်က ပြည်သူများအား တိုက်တွန်းပြောကြားသည်။

ထို့ပြင် ရောဂါလက္ခဏာပြင်းထန်စွာ ခံစားရခြင်းမရှိသေးသူများအား နေအိမ်များတွင်သာနေထိုင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရန် ၎င်းက ဆက်လက်ပြောသည်။ နိုင်ငံအတွင်း ရောဂါကူးစက်မှုများ မြင့်တက်လာခြင်းသည် အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါရောဂါကူးစက်ခံရသူများအနက် ၈၃၃ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၁၅ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၁၄၈၂၅၇ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၄၃ ဦးရှိပြီဖြစ်သည်။

မြို့တော်ဗီယင်ကျန်း၌ လွန်ခဲ့သော ၂၄ နာရီအတွင်း နေ့စဉ်ကူးစက်ခံရသူ အရေအတွက် ၄၉၅ ဦးစစ်ဆေးတွေ့ရှိရပြီး နေ့စဉ်ကူးစက်မှုအများဆုံးဖြစ်သည်။ လာအိုနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူနှစ်ဦး စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၇၆ ဦးထပ်မံတွေ့ရှိ

**နယူးဒေလီ မတ် ၁၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၈၇၆ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၂၉၉၈၉၃၈ ဦး ရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လူနာ ၉၈ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၅၁၆၀၇၂ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော တစ်ရက်တာအတွင်း ပိုးတွေ့ဆဲလူနာ ၁၁၀၆ ဦးလျော့ကျသွားသည့်အတွက် လက်ရှိအချိန်တွင် ပိုးတွေ့ဆဲလူနာ ၃၂၈၁၁ ဦးသာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံအတွင်း၌ ပိုးတွေ့ဆဲလူနာအရေအတွက် လျော့ကျလာသည်မှာ ၅၁ ရက်ဆက်တိုက်ရှိပြီဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၃၈၈၄ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၄၂၄၅၀၀၅၅ ဦးရှိပြီဖြစ်သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၃ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ မတ် ၁၆**

အာဖရိကတိုက်၌ မတ် ၁၅ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၂၈၄၉၀၂ ဦး ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၀၄၀၃ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၅၆၀၇၅၄ ဦးရှိလာကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် လစ်ဗျားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၆၉၅၁၇၅ ဦး၊ မော်ရိုကိုနိုင်ငံ၌ ၁၁၆၂၁၂၅ ဦးနှင့် တူနီးရှားနိုင်ငံ၌ ၁၀၂၉၇၆၂ ဦးရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

❖ ကျောဖုံးမှ

ဖြစ်စဉ်မှာ မြစ်ကြီးနားမှ မန္တလေးသို့ ခရီးသည်များတင်ဆောင်၍ မန္တလေး - မြစ်ကြီးနား ကားလမ်းမကြီးအတိုင်း မောင်းနှင်လာသည့် "သစ္စာလှိုင်"ခရီးသည်တင် မှန်လုံယာဉ်၊ "မနောမန္တလာ" ခရီးသည်တင်ယာဉ်၊ မုံရွာ-နန့်တော်-ကသာပြေးဆွဲလျက်ရှိသည့် "ချမ်းသာအောင်"ယာဉ်လိုင်းမှ ခရီးသည်တင် AD Van ယာဉ်ငယ်နှင့် Parado မော်တော်ယာဉ် စုစုပေါင်း လေးစီးတို့ကို မတ် ၁၅ ရက် ည ၁၁ နာရီခွဲတွင် ကန့်ဘလူမြို့နယ် (၁၁)ပေါက် ကျေးရွာအထွက်သို့ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမား ၄၀ ခန့်က လမ်းဘေး ဝဲ/ယာတို့မှနေ၍ တူမီးသေနတ်များဖြင့် ပစ်ခတ်ကာ လမ်းဘေးတွင်ထောင်ထားသည့် လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်ခိုက်ခဲ့မှုကြောင့် "မနောမန္တလာ" ခရီးသည်တင်ယာဉ်မှ ယာဉ်နောက်လိုက်ဖြစ်သူ ကိုမင်းခန့်(၂၁)နှစ်နှင့် "ချမ်းသာအောင်" ယာဉ်လိုင်းအသင်းမှ AD Van ယာဉ်မောင်းဖြစ်သူတို့သည် တူမီးကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး "သစ္စာလှိုင်" ခရီးသည်တင်ယာဉ် ယာဉ်မောင်းဖြစ်သူ ဦးဇော်ဇော်နိုင် (၄၇)နှစ် (ဘ)ဦးကြင်မောင်၊ ယာဉ်နောက်လိုက်ဖြစ်သူ ကိုကျော်မင်းထွန်း (၂၃)နှစ် (ဘ) ဦးမြင့်ဆန်း၊ "မနောမန္တလာ" ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်းဖြစ်သူ ဦးရဲဇော်ကို (၃၄)နှစ်၊ အကူယာဉ်မောင်းဖြစ်သူ ကိုဇော်မျိုးဦး (၃၀)နှစ်၊ ယာဉ်မယ်ဖြစ်သူ မဇာနော (၁၉)နှစ်၊ ခရီးသည်များဖြစ်ကြသည့် ကိုမျိုးသူထွန်း (၂၂)နှစ်၊ မမာဌေး (၂၁)နှစ်နှင့် မရီရီရွှေ (၃၁)နှစ်တို့တွင် တူမီးကျည်ထိမှန်ဒဏ်ရာများ၊ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကာ မော်တော်ယာဉ်လေးစီးမှာ မိုင်းစနှင့် တူမီးသေနတ်ကျည်များထိမှန်၍ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးအဆောက်အအုံများနှင့် အများပြည်သူနေအိမ်များ အပြင် အများပြည်သူသွားလာနေသည့် လမ်းမကြီးများနှင့် ခရီးသွားပြည်သူများကို ပစ်မှတ်ထား ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် လူမှုစီးပွားကို ထိခိုက်ပျက်စီးစေပြီး ကုန်စည်စီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့် အကြမ်းဖက်လုပ်ရပ်များကို တစ်ဖက်သတ် အစွန်းရောက်ဝါဒစွဲအပေါ် အခြေခံကာ အသိဉာဏ်နည်းပါးစွာ ပြုလုပ်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပခုက္ကူမြို့ရှိ "Hana Microfinance" အသေးစားချေးငွေရုံးမှ ဝန်ထမ်းအမျိုးသမီးအား သေနတ်ဖြင့် ခြိမ်းခြောက်၊ ငွေတောင်းခံ ပစ်ခတ်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ် (၆)ရပ်ကွက် အောင်မင်္ဂလာလမ်းသွယ်ရှိ "Hana Microfinance" အသေးစားချေးငွေရုံးခန်းသို့ မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် အကြမ်းဖက်သမားနှစ်ဦး ဝင်ရောက်လာပြီး ငွေကိုင်ဝန်ထမ်း မသီရိထွန်း (၂၉)နှစ်အား သေနတ်ဖြင့် ပစ်ခတ်သွားသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။



မသီရိထွန်း ထိခိုက်ဒဏ်ရာရ။



အကြမ်းဖက်သမားနှစ်ဦး သေနတ်ဖြင့် ခြိမ်းခြောက်၊ ငွေတောင်းခံပစ်ခတ်မှု ဖြစ်ပွားခဲ့သည့် ပခုက္ကူမြို့ရှိ "Hana Microfinance" အသေးစားချေးငွေရုံး။

သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ ဝန်ထမ်းအမျိုးသမီးသည် ရုံးအတွင်းတစ်ဦးတည်းရှိနေစဉ် နှာခေါင်းစည်းအနက်များ တပ်ဆင်ထားသော အကြမ်းဖက်သမားနှစ်ဦးက ရုံးအတွင်းဝင်ရောက်လာ၍ သေနတ်ဖြင့်ချိန်ရွယ်ကာ ငွေသေတ္တာအား ဖွင့်ပေးရန်ပြောဆိုသဖြင့် ဝန်ထမ်းအမျိုးသမီးမှာ ကြောက်လန့်၍ ရုံးအနောက်ဘက်အခန်းသို့ထွက်ပြေးရာ အကြမ်းဖက်သမားများက သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့သဖြင့် ဝန်ထမ်းအမျိုးသမီး၏ ဝဲတင်ပါး ဖောက်ဝင်ဒဏ်ရာတစ်ချက် ထိမှန်သွားခဲ့ပြီး အကြမ်းဖက်သမားနှစ်ဦးမှာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ကြောင်း၊ ဝန်ထမ်းအမျိုးသမီးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပခုက္ကူဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးစေခဲ့ပြီး အကြမ်းဖက်သမားနှစ်ဦးအား ဖမ်းဆီးရမိရေး လိုက်လံပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ဒေးဒရဲမြို့နယ်၌ ကိုယ်လက်လှုပ်ရှား အားကစား အသိပညာပေး ဟောပြော

**ဒေးဒရဲ မတ် ၁၆**

ဧရာဝတီတိုင်း ဒေသကြီး ဒေးဒရဲမြို့နယ် တော်ကမယ် ကျေးရွာအုပ်စု အခြေခံပညာ အထက်တန်း ကျောင်း၌ ကိုယ်လက်လှုပ်ရှား အားကစား ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်တာဝန်ခံ နည်းစနစ်မှူး ဦးအောင်ဇော်သက်က ကျောင်းသား ကျောင်းသူများ အနေဖြင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းအားဖြင့် ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာပြီး ကျန်းမာရေး ကောင်းမွန်သော လူမှုအဖွဲ့အစည်းများ တည်ဆောက်နိုင်စေရန်နှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို ကျေးရွာစာသင် ကျောင်းများ အရောက် ကွင်းဆင်းဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး အားကစားပစ္စည်းများကို အထက (တော်ကမယ်) ကျောင်းရှိ တာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။ **ရွှေဒေးသူ**

## ဒဂုံမြို့နယ် အလက(၂)ကျောင်း၌ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ရန်ကုန် မတ် ၁၆**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း၌ မတ် ၁၄ ရက် နံနက် ၁၁ နာရီက ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်ရမည့်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေး ဆိုင်ရာ ညွှန်ကြားချက်များကို အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်များ ပြသပေးခြင်း၊ နှာခေါင်းစည်းများဝေငှပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ အသိပညာတိုးပွားစေရန် ဒို့ကျေးရွာဂျာနယ် အတွဲ (၁၉) အမှတ် (၅) ပါ စာရေးဆရာချစ်နိုင် (စိတ်ပညာ)၏ စိတ်ကောင်းရှိမှ ဆောင်းပါးကို ကျောင်းသားကျောင်းသူများ ဗဟုသုတတိုးပွားစေရန် စာဖတ်ဝိုင်းကျင်းပပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မေသန္တာ**



## ရန်ကုန်အရှေ့ပိုင်းခရိုင်၌ (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ



**သဃ်္ဃန်းကျွန်း မတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်(သဃ်္ဃန်းကျွန်း)ရုံး ခန်းမ၌ မတ် ၁၅ ရက် နံနက် ၉ နာရီက (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် သဃ်္ဃန်းကျွန်းမြို့နယ် ပညာရေးမှူး ဦးသိန်းထွန်းက "တပ်မတော်နေ့ တို့မမေ့"ခေါင်းစဉ်ဖြင့် တပ်မတော်နေ့ ဖြစ်ပေါ်လာပုံအကြောင်းများ၊ တပ်မတော်နေ့အကြောင်း သိကောင်းစရာများ၊ အစဉ်အဆက် မြန်မာ့တပ်မတော်အကြောင်းများကို ပြည်သူများ သိရှိစေရန်ရည်ရွယ်၍ ကျယ်ကျယ်ပြန့်ပြန့် ဟောပြောခဲ့ကြောင်း သိရသည်။ **စန္ဒာမိုး**

## ဟိုပန်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

**ဟိုပန် မတ် ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသားကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပရာ ဟိုပန်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇင်ဇင်သန့်က ဟောပြောပွဲနှင့်စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးဒေါ်ခိုင်ဇာထွန်းက " စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲအား ဆက်လက်ကျင်းပရာ မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၂ ဦးက ဇာတ်လမ်း - မနှင်းဖွေး၊ သရုပ်ဖော်-ထွန်းထွန်းဝင်း (ရန်ကုန်တက္ကသိုလ်)၏ " တန်ဖိုး ကိုယ်စီ" ပုံပြင်စာအုပ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမဟာမင်္ဂလာ ကျင်းပ



နေပြည်တော် မတ် ၁၆

နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသည့် မဟာမဏိမယရတနာ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်လေးဆူနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းများ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓါဘိသေကအနေကဇာတင် ဆင်ယင်ကျင်းပခြင်းနှင့် ကုသိုလ်တော်မင်္ဂလာဆည်းပူးခြင်းကို ဆက်လက်ဆောင်ရွက်ကြပြီး ဗုဒ္ဓပူဇနိယပွဲတော် ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမင်္ဂလာကို အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကော့သောင်းမြို့ ပြည်တော်အေးစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်



ကော့သောင်း မတ် ၁၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် တည်ထားကိုးကွယ်သည့် မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ဗုဒ္ဓပူဇနိယမင်္ဂလာ အခမ်းအနားကို မတ် ၁၆ ရက်(တပေါင်းလပြည့်နေ့) နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားအား တက်ရောက်လာကြသည့် ဧည့်သည်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ဖွင့်လှစ်ကာ ပြည်တော်အေးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဝိသုဒ္ဓဉာဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြ၍ ပရိတ်တရားတော်များ နာယူကာ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ဇော်လင်း၊ ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မျိုးသန့်၊ ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချိုနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဥပသကာများ၊ ဂေါပကအဖွဲ့များက ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များ ခြံရံလျက် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်ကို ပင့်ဆောင်ကာ စေတီတော်အား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်၍ မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ အဆင့်ဆင့်တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

# "ပျော်ပျော်ရွှင်ရွှင် အငြိမ့်သဘင်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် မတ် ၁၆

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ပျော်ပျော်ရွှင်ရွှင် အငြိမ့်သဘင်" ဖျော်ဖြေပွဲကို မတ် ၁၉ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို ယုန်လေးက စီစဉ်ပြီး မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး အဲဇင်မိုး၊ ရှေ့ထွက် မင်းသမီး ဝိုင်းကြာဖြူ လူရွှင်တော်များဖြစ်ကြသည့် နေကျော်၊ ယုန်လေး၊ လနဲ့ဒန်၊ ပေါက်မဲနှင့် လေပြေတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# "နွေဦးကံ့ကော်" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်




နေပြည်တော် မတ် ၁၆

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "နွေဦးကံ့ကော်" တေးဂီတဖျော်ဖြေပွဲကို မတ် ၁၈ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို The Ensemble တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် စိုးအောင် (ကောင်းကင်ပြာ)၊ ဈာန်ထူး၊ သက်မှူးခင်၊ ချမ်းဟိန်းဝင်းထွန်း၊ ပန်တည့်နှင်းကေရီ၊ ဖွဲ့ထက်မြတ်၊ ချိုမီမီဇော်၊ စောဒနံနီရယ်နှင့် မြတ်နိုးစံတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် လူရွှင်တော်အသင်းနှင့် ကိုလူချောအဖွဲ့တို့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်




နေပြည်တော် မတ် ၁၆

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်အမှတ်(၅၈)ကို မတ် ၁၈ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါကိုဗစ်-၁၉ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို သရုပ်ဆောင် ကျော်ကျော်နှင့် ဆုမြတ်နိုးဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၁၈၊ ၁၉၊ ၂၀ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်အတွင်း နေကြာသီးနှံ ၂၇၆၀၇ ဧက စိုက်ပျိုးလျက်ရှိပြီး ၂၀၂၂ - ၂၀၂၃ ခုနှစ်၌ ပြည်နယ်တစ်ဝန်းလုံး မိုးဆောင်းစိုက်ဧက ၃၀၉၃၂ ဧက တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး လျာထားဆောင်ရွက်

တောင်ကြီး မတ် ၁၆

၂၀၂၂ - ၂၀၂၃ ခုနှစ် ရှမ်းပြည်နယ်၏ နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၅ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## တိုးချဲ့စိုက်ပျိုးလျက်ရှိ

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်သည် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်ပြီး စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများအပြင် စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက် အများဆုံးစိုက်ပျိုးသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ စားသုံးဆီသည် ဒုတိယအရေးကြီးသော အခြေခံစားသောက်ကုန်ဖြစ်သည်နှင့်အညီ ဆီဖူလုံရေးသည် အရေးပါလျက်ရှိပြီး ဆီထွက်သီးနှံအမျိုးမျိုးကို တိုးချဲ့စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံသည် ဆီဖူလုံရေးအတွက် ဆောင်ရွက်သင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း၊ ၂၀၂၁- ၂၀၂၂ ခုနှစ် ရှမ်းပြည်နယ်အတွင်း နေကြာသီးနှံ ၂၇၆၀၇ ဧက စိုက်ပျိုးလျက်ရှိပြီး ဒေသတွင်း စားသုံးဆီဖူလုံစေရန်နှင့် ပြည်ပမှစားအုန်းဆီများ တင်သွင်းမှု လျှော့ချနိုင်ရေးအတွက် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်လျက်ရှိကြောင်း၊ ၂၀၂၂ -၂၀၂၃ စိုက်ပျိုးရာသီတွင် နေကြာသီးနှံကို ပြည်နယ်တစ်ဝန်းလုံး မိုးဆောင်း စိုက်ဧကပေါင်း ၃၀၉၃၂ ဧက ထိ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး၊ မျိုးကောင်း မျိုးသန့် မျိုးစေ့များကို မိုးဆောင်းစိုက်ဧကစုစုပေါင်း ၈၀၀ မျိုးစေ့ထုတ်စိုက်ပျိုးသွားနိုင်ရေးနှင့် တောင်သူ



ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုနိုင်ထွန်းက ရှမ်းပြည်နယ်အတွင်း နေကြာတိုးချဲ့ စိုက်ပျိုးနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့၌ ပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရန် ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေးလျက်ရှိ

ရန်ကုန် မတ် ၁၆

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား ယာယီပြတ်တောက်မှုနှင့် အချိန်ပိုင်းဖြန့်ဝေမှုတို့ကြောင့် ပြည်သူအချို့ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ရှင်သန်ရေးကူညီမှု အသင်းတို့ပူးပေါင်း၍ သဃ်န်းကျွန်းမြို့နယ်ရှိ ရေဂါလန် ၅၀၀၀၀ ဆံ့ မြေအောက်ရေကန် နှစ်ကန်မှ ၁၀၀ ကေဗွီအေ မီးစက်များတပ်ဆင်ကာ ရေများစုပ်ယူပြီး ရပ်ကွက်များရှိ ပြည်သူများကို ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

နွေရာသီကာလ လျှပ်စစ်ပြတ်တောက်ချိန်များ၌ ရန်ကုန်မြို့နေပြည်သူများ သောက်သုံးရေသုံးစွဲမှု အဆင်ပြေစေရန် ရေပေးဝေရေးစီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးကို မတ် ၁၄ ရက်က ကမ္ဘာ့အေးစေတီလမ်း ရေကူးရေတွန်းစက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်မြို့အတွင်း ရေဖြည့်တင်းပေးရန် မြေစိုက်ရေတိုင် ၁၁ တိုင်၊ အရေးပေါ်မီးသတ်ရေငုတ်တိုင် ၉၀၃ ခုရှိပြီး ရေပေးဝေရေး ဇုန် ၁၀ ခုရှိ ရေစုကန်များနှင့် ပန်းခြံများအတွင်းရှိ ရေစုကန်များမှလည်း ရေသယ်ယူရန် အဆင်သင့် ပြင်ဆင်ထားရှိကြောင်းကို အဆိုပါအစည်းအဝေးမှ သိရသည်။

ယခုအချိန်ကာလ လျှပ်စစ်မီး ပြတ်တောက်ချိန်တွင် ရေပို့ပိုက်လိုင်းများသို့ ရေဖြည့်တင်းနိုင်ရန် ထပ်ဆင့်ရေတွန်းစက်ရုံ ၁၅ ရုံနှင့် မြို့တွင်းရေအားဖြည့် အဝီစိတွင်း ၁၁ နေရာမှ တွင်းပေါင်း ၈၇ တွင်းတွင် ရေစုပ်ယူခြင်းနှင့် ရေတွန်းစက်များ မောင်းနှင်ရန်အတွက် အရန်မီးစက်တပ်ဆင်ထားရှိကြောင်း၊ ယခုအခါ ရန်ကုန်မြို့နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရန် စည်ပင်သာယာ ရေသယ်ယာဉ်များအပြင် လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍ မြို့နယ်ရပ်ကွက်များသို့ ရေဖြန့်ဖြူးပေးလျက်ရှိကြောင်း အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)မှ သိရသည်။

မတ် ၁၅ ရက် နံနက်က သဃ်န်းကျွန်းမြို့နယ် အောင်ဆုပန်ရပ်ကွက် ဝေဇန္တာလမ်းထောင့်နှင့် သံသုမာလမ်းထောင့်ရှိ ရွှေအင်ကြင်း ထပ်ဆင့်ရေတွန်းစက်ရုံ၌ ရေပြတ်လပ်မှုရှိသော မြို့နယ် ရပ်ကွက်များကို ရေဖြန့်ဝေပေးနိုင်ရန်အတွက်



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရေသယ်ယာဉ်ကြီးများနှင့် ရှင်သန်ရေးကူညီမှုအသင်းတို့ပူးပေါင်း၍ ရေဖြည့်တင်းခြင်းနှင့် ရေဖြန့်ဝေပေးခြင်း ဆောင်ရွက်ခဲ့ပြီး လမ်းပန်းဆက်သွယ်မှု အခက်အခဲမရှိစေရန် သွားရာလမ်းတစ်လျှောက် အရေးပေါ်လမ်း ပြုပြင်ဆောင်ရွက်ပေးခြင်းများကို မြို့တော်စည်ပင်က လုပ်ဆောင်ပေးလျက်ရှိသည်။ အဆိုပါ သဃ်န်းကျွန်းမြို့နယ် ရေတွန်းစက်ရုံတွင် ရေဂါလန် ၅၀၀၀၀ ဆံ့ မြေအောက်ရေကန် နှစ်ကန် ၃၀ ကီလိုဝပ် ရေတွန်းစက် လေးလုံး၊ ၁၀၀ ကေဗွီအေ မီးစက်တစ်လုံးထားရှိပြီး ရေသယ်ယာဉ်များကို သုံးလက် မပိုက် မှ တစ် ဆင့် ရေဖြည့် တင်း ဖြန့်ဝေပေးလျက်ရှိရာ လက်တလော ရေပြတ်လပ်သော မြို့နယ်ရပ်ကွက်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အလိုက် ရေရရှိရေးအတွက် ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ– စောရွှေဂွန်း၊ မိုးမြင့်မောင်**

■

# ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း နေကြာသီးနှံဧက ၂၉၀၀၀၀ စိုက်ပျိုးသွားမည်

မန္တလေး မတ် ၁၆

၂၀၂၂-၂၀၂၃ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးနှင့် ညီညွတ်သည့်စားသုံးဆီကို ပြည်သူများ ဖူလုံစွာစားသုံးနိုင်ရန်နှင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးအတွက် ဆီထွက်နှုန်းကောင်းမွန်သည့် နေကြာသီးနှံဧက ၂၉၀၀၀၀ ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစိုင်းသန်းအောင်က ပြောသည်။

အဆိုပါ နေကြာသီးနှံသည် တစ်ဧကလျှင် ဆီထုတ်လုပ်မှုနှုန်း အမြင့်ဆုံး သီးနှံဖြစ်သောကြောင့် မန္တလေးတိုင်းဒေသကြီးတွင် နေကြာသီးနှံကို မိုးနှင့်ဆောင်းသီးနှံများအဖြစ် လက်ရှိတွင် စိုက်ဧက ၁၂၀၀၀၀ စိုက်ပျိုးထားလျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တွင် မိုးကာလ စိုက်ပျိုးရာသီမှစတင်ကာ နေကြာစိုက်ဧက ၁၇၀၀၀၀ ကို ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်းနေကြာသီးနှံစိုက်ဧက ၂၉၀၀၀၀ အထိရရှိစေရန် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသည့်မျိုးအနေဖြင့် အထွက်ကောင်းမျိုး ဖြစ်ကြသည့် ဆင်းရွှေကြာ(၂)မျိုးနှင့် ရေဆင်းစပ်မျိုး(၁)တို့ကို စိုက်ပျိုးသွားမည်ဖြစ်



ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာ နေကြာသီးနှံကို သီးသန့်အနေနဲ့ စိုက်ပျိုးကြသလို သီးထပ်၊ သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်။ ပြေလကနေစပြီးတော့ စိုက်ပျိုးသွားမှာပါ။ မိုးရာသီနဲ့ ဆောင်းရာသီတို့မှာ စိုက်ပျိုးသွားမှာပါ။ တိုင်းဒေသကြီးအတွင်း ရမည်းသင်းခရိုင်မှာ အများဆုံးစိုက်ပျိုးကြပါတယ်။ ဒုတိယကတော့ မြင်းခြံခရိုင်ပါ။ တတိယကတော့ ညောင်ဦးခရိုင်ဖြစ်ပါတယ်။ နေကြာသီးနှံဟာ အချိန်တိုအတွင်း စိုက်ပျိုးရတာဖြစ်ပြီးတော့ အခြားသီးနှံတွေလို ပိုးကျရောက်မှုနည်းတာကြောင့် တောင်သူတွေ တွက်ခြေကိုက်တဲ့ သီးနှံဖြစ်ပါတယ်။ အထွက်နှုန်းရရှိရေးအတွက်ကိုလည်း ဌာနအနေနဲ့ ပူးပေါင်းလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ပြည်သူတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးဆီ ဖူလုံစွာစားသုံးနိုင်ဖို့အတွက် လာမယ့်မိုးရာသီကစတင်ပြီး တိုးချဲ့စိုက်ပျိုးသွားမှာပါ" ဟု ၎င်းက ရှင်းပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ သီးနှံအမည်စုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး စပါးကို ဆည်ရေသောက်စနစ်ဖြင့် အဓိကစိုက်ပျိုးကြပြီး ဒုတိယအနေဖြင့် ဆီထွက်သီးနှံကိုစိုက်ပျိုးကြကာ ဆီဖူလုံမှု ၁၈၃ ရာခိုင်နှုန်းရှိကြောင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် နေကြာဆီကို ပိုမိုပြီးစားသုံးလာစေရေးနှင့် စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းမှုကြောင့် နိုင်ငံခြားငွေ ယိုဖိမ့်နေမှုကိုလည်း တစ်ဖက်တစ်လှမ်းမှ လျှော့ချနိုင်ရေးအတွက် နေကြာကိုတိုးချဲ့စိုက်ပျိုးရန် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ရရှိရေး၊ စိုက်ပျိုးစနစ်မှန်ကန်ရေး၊ နည်းပညာနှင့် အကူအညီများပေးနိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် အကျိုးတူ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နိုင်ငံတော်၏ ပုံနှိပ်မီဒီယာခရီး နှစ်ငါးဆယ်ရှိပြီ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (PPD) သည် ၂၀၂၂ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် နှစ် (၅၀) ပြည့် (ရွှေရတုသဘင်) သက်တမ်းရှိလာပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်အတွက် ပုံနှိပ်လုပ်ငန်းများ စာပေလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ထမ်းရွက်ခဲ့သည်မှာ ရွှေရတုတိုင်ခဲ့ပြီဖြစ်ပါသည်။ နှစ် (၅၀) ကာလအတွင်း ဖြတ်ကျော်တာဝန်ထမ်းဆောင်ခဲ့ရသည်များကို မှတ်တမ်းတင်ဂုဏ်ပြုရေးသားဖော်ပြလိုပါသည်။

**နေသူရိန်**

( ယမန်နေ့မှ အဆက်)

### ဗဟိုပုံနှိပ်တိုက် (ဗဟိုပုံနှိပ်စက်ရုံ) ၏ ဆက်စပ်ပုံနှိပ်လုပ်ငန်းများ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတိုက်

အင်္ဂလိပ် – မြန်မာသတင်းစာကို ဗဟိုပုံနှိပ်စက်ရုံရန်ပုံငွေဖြင့် ၁၉၆၃ ခုနှစ်မှစတင်၍ ပုံနှိပ်စက်များနှင့် အဆောက်အအုံသစ်ကိုတည်ထောင်၍ ပုံနှိပ်လုပ်ငန်းတစ်ရပ်အနေဖြင့် သတင်းစာထုတ်ဝေခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် သတင်းစာကြီးကြပ်ရေးအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပါသည်။

### ဘုရင့်နောင်ပုံနှိပ်စခန်း

၁၉၆၃ ခုနှစ်မှစ၍ အစိုးရစစ် စာမေးပွဲမေးခွန်းလွှာများနှင့်အဖြေလွှာများကို ၈ တန်း၊ ၁၀ တန်း ဘာသာရပ်အလိုက် ပြည်နယ်၊ တိုင်းအလိုက် နှစ်စဉ်ပုံနှိပ်ထုတ်လုပ်ခဲ့ပါသည်။ အထူးလျှို့ဝှက်စခန်းကို လုပ်ငန်းကျွမ်းကျင်သော၊ လုံခြုံမှုစိတ်ချရသော ဝန်ထမ်းများဖြင့် စခန်းသွင်းပြီး လုံခြုံရေးအတွက် တပ်မတော်ထောက်လှမ်းရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

### ပြည်သူပိုင်ပုံနှိပ်တိုက်များ ကွပ်ကဲအုပ်ချုပ်မှုအဖွဲ့

ပုဂ္ဂလိကပိုင်ပုံနှိပ်တိုက် ၁၇ တိုက်ကို ၁၉၆၉ ခုနှစ် မတ်လ ၁၆ ရက်နေ့နှင့် မေလ ၁၅ ရက်နေ့များတွင် ပြည်သူပိုင်ပြုလုပ်ခဲ့ပြီး ပြည်သူပိုင်ပုံနှိပ်တိုက်များ ကွပ်ကဲအုပ်ချုပ်မှုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ပြည်သူပိုင်သိမ်းယူခဲ့သော ပုဂ္ဂလိကပုံနှိပ်တိုက်များမှာ စပယ်ပုံနှိပ်တိုက်၊ ရန်ကုန်ရောင်စုံပုံနှိပ်တိုက်၊ ရန်ကုန်ဂေဇက်ပုံနှိပ်တိုက်၊ ဘိဝှာပုံနှိပ်တိုက်၊ ဟုန်ဟိန်ပုံနှိပ်တိုက်၊ အကျိုးတော်ဆောင်ပုံနှိပ်တိုက်၊ နန်ယန်ပုံနှိပ်တိုက်၊ ချယ်ရီပုံနှိပ်တိုက်၊ ဒီလိုက်ပုံနှိပ်တိုက်၊ တိုင်းရင်းသားပုံနှိပ်တိုက်၊ စံပြပုံနှိပ်တိုက်၊ ခေတ်ဗမာ ပုံနှိပ်တိုက်၊ ကောင်ဗှာပုံနှိပ်တိုက်၊ ပြည်တော်သာပုံနှိပ်တိုက်၊ ကျော်စိုးပုံနှိပ်တိုက်၊ ရွှေလင်းယုန်ပုံနှိပ်တိုက်၊ လောကပါလပုံနှိပ်တိုက်တို့ဖြစ်ပါသည်။

တာဝတိံသာပုံနှိပ်တိုက်ကို လက်ကားသမဝါယမအဖွဲ့ချုပ်ထံမှ လွှဲပြောင်းရယူခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်၌ အဆိုပါပုံနှိပ်တိုက်များကို ပုံနှိပ်စက်အုပ်စုတူ၊ လုပ်ငန်းစဉ်တူညီသည့် ပုံနှိပ်တိုက်များအဖြစ် ပြန်လည်ပေါင်းစပ်ဖွဲ့စည်းခဲ့ပါသည်။ တာဝတိံသာ၊ စပယ်၊ ရန်ကုန်ရောင်စုံ၊ ရန်ကုန်ဂေဇက်၊ ဟုန်ဟိန်၊ ဘိဝှာနှင့် အကျိုးတော်ဆောင်စသည့် ပုံနှိပ်တိုက်များဖြင့် ပုံနှိပ်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့ပါသည်။



ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံကို တွေ့ရစဉ်။

အထက်ပါပုံနှိပ်တိုက်များအနက် ဟုန်ဟိန်ပုံနှိပ်တိုက်မှာ မြန်မာနိုင်ငံသို့ အော့(ဖ်) ဆက်ပုံနှိပ်စက်များ အစောဆုံးတင်သွင်းလုပ်ကိုင်ခဲ့သော စက်ရုံဖြစ်သည်။ ၁၉၅၈–၅၉ ခုနှစ်၌ အော့(ဖ်) ဆက်ပုံနှိပ်စက်သုံးလုံး တင်သွင်းခဲ့ပြီး စတိတ်၊ ဂိုးဖလိတ်၊ လေ့ဘကက်စသည့်စီးကရက်တံဆိပ်များကို ပုံနှိပ်ခဲ့သည်။

### ပြည်နယ်ပုံနှိပ်တိုက်များ

ပြည်နယ်ပုံနှိပ်တိုက်များကို ၁၉၇၂ ခုနှစ် မတ်လတွင် အုပ်ချုပ်ရေးစနစ်သစ် အကောင်အထည်ဖော်ရာတွင် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းက ပြည်နယ်ဦးစီးဌာနများထံမှ လွှဲပြောင်းလက်ခံရယူခဲ့ပါသည်။ ယင်းပြည်နယ်ပုံနှိပ်တိုက်ခွဲများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကချင်ပြည်နယ် – မြစ်ကြီးနားမြို့ ပုံနှိပ်တိုက်

(ခ) ကရင်ပြည်နယ် – ဘားအံမြို့ ပုံနှိပ်တိုက်

(ဂ) ချင်းပြည်နယ် – ဟားခါးမြို့ ပုံနှိပ်တိုက်

(ဃ) ရှမ်းပြည်နယ် – တောင်ကြီးမြို့ ပုံနှိပ်တိုက်

(င) ရခိုင်ပြည်နယ် – စစ်တွေမြို့ ပုံနှိပ်တိုက်

၁၉၈၁ ခုနှစ် အောက်တိုဘာလမှစ၍ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီထံမှ သဇင်ပန်းခိုင်ပုံနှိပ်တိုက်ကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းက လွှဲပြောင်းလက်ခံ၍ ရခိုင်ပြည်နယ်ပုံနှိပ်တိုက်အဖြစ် ပုံနှိပ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

### မန္တလေးပုံနှိပ်တိုက်ခွဲ

မန္တလေးတွင် နေ့စဉ်ထုတ်ဝေခဲ့သော ဟံသာဝတီသတင်းစာကို ၁၉၇၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ ယာယီရပ်စဲလိုက်သည့်အတွက် ပုံနှိပ်လုပ်ငန်းများ ရပ်စဲမသွားစေရန် သတင်းနှင့်စာနယ်ဇင်းကော်ပိုရေးရှင်းထံမှ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်းက လွှဲပြောင်းလက်ခံ၍ မန္တလေး ပုံနှိပ်တိုက်ခွဲတစ်ခုအဖြစ် ဆက်လက်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၁၉၉၂ ခုနှစ်တွင် မန္တလေးပုံနှိပ်တိုက်ခွဲကို ရတနာပုံသတင်းစာထုတ်ဝေရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ လွှဲပြောင်းပေးခဲ့ပါသည်။

### ပြင်ဦးလွင်(မေမြို့) ပုံနှိပ်တိုက်ခွဲ

ပြင်ဦးလွင် (မေမြို့) ပုံနှိပ်တိုက်ခွဲမှာ ဗြိတိသျှအစိုးရလက်ထက် ၁၉၀၆ ခုနှစ်ကပင် စတင်တည်ထောင်ထားခဲ့သည့် ပုံနှိပ်တိုက်ဖြစ်ပါသည်။ ကိုလိုနီအုပ်ချုပ်ရေးခေတ်တွင် အုပ်ချုပ်သူဘုရင်ခံသည် မြန်မာနိုင်ငံ၏ နွေဥတု၏ အပူဒဏ်ကိုရှောင်သည့်အနေဖြင့် နွေရာသီ၌ ရာသီဥတု မျှတသာယာသော မေမြို့(ပြင်ဦးလွင်)ကို ရွေးချယ်ပြီး နွေရာသီစံနန်းစခန်းအဖြစ် သတ်မှတ်နေထိုင်ခဲ့သည်။ ဘုရင်ခံနှင့်အတူပါရှိလာမည့် ရုံးကိစ္စမှန်သမျှအား ပုံနှိပ်မှတ်တမ်းအဖြစ်လည်းကောင်း၊ အခြားလိုအပ်သော စာရွက်စာတမ်း၊ မှတ်တမ်း၊ ရုံးသုံးပုံစံများကိုလည်းကောင်း စက်တင်ပုံနှိပ်၊ မှတ်တမ်းတင်နိုင်ရန် မေမြို့(ပြင်ဦးလွင်) ပုံနှိပ်တိုက်ခွဲကို တည်ထောင်ထားခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ပြင်ဦးလွင် (မေမြို့) ရှိ မြေတိုင်းကျောင်း၊ သစ်တောကျောင်း၊ စစ်တက္ကသိုလ်၊ သမဝါယမများ၏ ပုံနှိပ်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

### ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ

ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသည် အမှတ် (၁၅၀) ငါးထပ်ကြီးဘုရားလမ်း ဗိုလ်ချို(၂) ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် တည်ရှိပါသည်။

ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ အဆောက်အအုံနှင့်မြေနေရာသည် ယခင်က အင်္ဂလန်နိုင်ငံရှိ သောမတ်ဒီလာရူးကုမ္ပဏီပိုင် စက်ရုံနှင့် မြေနေရာဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ၎င်းစက်ရုံမှ တရုတ်ပြည်သုံး ငွေစက္ကူများကို ပုံနှိပ်ပေးခဲ့ပါသည်။ ဒီလာရူးပုံနှိပ်တိုက်ဟု လူသိများခဲ့ပါသည်။

၁၉၅၁ ခုနှစ်တွင် ဗဟိုပုံနှိပ်တိုက်က သောမတ်ဒီလာရူးကုမ္ပဏီပိုင်ထံမှ စက်ရုံနှင့် မြေနေရာကို ငွေကျပ် ၁၀၂၀၁၈၀ (ကျပ် တစ်ဆယ်သိန်းနှစ်သောင်း တစ်ရာ့ရှစ်ဆယ်) ဖြင့် ဝယ်ယူပြီးနောက် ၁၉၅၄ ခုနှစ်တွင် ယင်းအဆောက်အအုံကို ဖိုတိုလစ်သိုပုံနှိပ်စက်ရုံအမည်ဖြင့် ဗဟိုပုံနှိပ်စက်ရုံ၏စက်ရုံအဖြစ် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

၁၉၅၄ ခုနှစ်မှစ၍ ဗဟိုပုံနှိပ်တိုက်မှ ပုံနှိပ်စက်များနှင့် ဝန်ထမ်း ၉၀ ကျော်တို့ကို ပြောင်းရွှေ့၍ ပုံနှိပ်လုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့ပါသည်။ ဓာတ်ပုံပညာ (Photography) နှင့် ကျောက်ပုံနှိပ်ပညာ (Lithography) တို့ကို ပေါင်းစပ်ပြီး ပုံနှိပ်သဖြင့် (Photolithography) ဟု ခေါ်တွင်ပြီး ယင်းပညာဖြင့် ပုံနှိပ်သည့်အတွက် ဖိုတိုလစ်သို ပုံနှိပ်တိုက်ဟု ခေါ်တွင်ခဲ့ပါသည်။ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၏ ပထမဦးဆုံး စက်ရုံမှူး တာဝန်ထမ်းဆောင်ခဲ့သူမှာ ဦးအောင်မြင့် ဖြစ်ပါသည်။

၁၉၅၆ ခုနှစ်တွင် ခဲစာလုံးပုံနှိပ်စက်များကို အောင်ဆန်းမြို့ ပုံစံပုံနှိပ်စက်ရုံသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ ကာလာကင်း၊ ဆိုနာအော့ဖ်ဆက်ပုံနှိပ်စက်များဖြင့် ပုံနှိပ်လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် စက်ရုံသို့ အယ်ဒီတာများ လာရောက်ရုံးထိုင်၍ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာနှင့် The Working People’s Daily သတင်းစာတို့ကို စတင်ပုံနှိပ်ထုတ်ဝေပေးခဲ့ပါသည်။ ၁၉၆၅ ခုနှစ်တွင် လုပ်သားဂျာနယ်၊ တောင်သူလယ်သမားဂျာနယ် လမ်းစဉ်သတင်းဂျာနယ်များကို ရောင်စုံအဖုံးများဖြင့် ခေတ်မီစွာ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့ပါသည်။

၁၉၇၂ ခုနှစ် မတ်လတွင် အုပ်ချုပ်ရေးစနစ်အရ စာပေဗိမာန်အဖွဲ့၊ ဗဟိုပုံနှိပ်တိုက်နှင့် ပြည်သူပိုင်ပုံနှိပ်တိုက်များပူးပေါင်း၍ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းခဲ့ပြီးနောက် ဖိုတိုလစ်သိုပုံနှိပ်တိုက်ခွဲမှ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံသို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။

### ရုံးသုံးမူသေပုံစံပုံနှိပ်စက်ရုံ (အောင်ဆန်းပုံနှိပ်စက်ရုံ)

အောင်ဆန်းပုံနှိပ်စက်ရုံသည် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းပေါ်တွင် တည်ရှိပါသည်။

၁၉၃၇ ခုနှစ်တွင် အင်းစိန်အကျဉ်းထောင်၌ မူသေပုံစံပုံနှိပ်ခြင်းလုပ်ငန်းများကို ထောင်အကျဉ်းသားများနှင့်ပူးပေါင်း၍ လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၈ ခုနှစ်တွင် ပုံစံပုံနှိပ်စက်ရုံကို အင်းစိန်မြို့နယ် အောင်ဆန်းမြို့၌ အုတ်မြစ်ချခဲ့ပါသည်။ ၁၉၆၄ ခုနှစ်၌ တပ်မြေနေရာပေါ်တွင် စက်ရုံကို စတင်တည်ထောင်ခဲ့ပြီး လုပ်ငန်းနှင့်စက်များကို အောင်ဆန်းမြို့သို့ ပြောင်းရွှေ့တပ်ဆင်ခဲ့ပါသည်။

စာမျက်နှာ ၁၉ သို့

❖ **ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် နိုင်ငံတော်ပြန်တမ်း၊ အစိုးရအဖွဲ့၏ စာအုပ်စာစောင်များ၊ အခြားဝန်ကြီးဌာနများကအပ်နှံသည့် စာအုပ်များ၊ အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်၊ လစဉ်ထုတ် စာပေဆုရစာအုပ်များနှင့် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်၊ နှစ်စဉ်ထုတ် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်တို့ကို ပုံနှိပ်ထုတ်ဝေလျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်း နှစ်စဉ်ပုံနှိပ်လျက်ရှိ။**

❖ **ထို့ပြင် စာပေဗိမာန်က စာရေးဆရာကြီးများ၏ စာကောင်းပေမွန်များ၊ လူငယ်လူရွယ်များ အသိပညာတိုးပွားစေမည့် စာအုပ်များကို ပြန်လည်ထုတ်ဝေလျက်ရှိပါသည်။ ထွန်းဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) က-(ကုတ်) စာအုပ်ကို ပုံနှိပ်ခဲ့ပြီးဖြစ်**

## ဇီးကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးဆောင်ရွက်

ဇီးကုန်း မတ် ၁၆

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီးရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဦးဆောင်ကာ ကာကွယ်ဆေးထိုးအဖွဲ့ လေးဖွဲ့ဖြင့် ကျေးလက်ကျန်းမာရေးဌာန နယ်မြေအလိုက် ကျန်းမာရေးဌာနခွဲများမှ ရပ်ကွက်/ကျေးရွာများအထိ ကွင်းဆင်း ထိုးနှံပေးလျက်ရှိသည်။

ဇီးကုန်းမြို့နယ်တွင် ရပ်ကွက်ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စုရှိရာ အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ ၅၁၆၁၈ ဦးအနက် ၄၆၃၁၁ ဦးအား (၈၃ ဒသမ ၅၉ ရာခိုင်နှုန်း) ကာကွယ်ဆေး ထိုးနှံပြီးစီးခဲ့သည်။ ယနေ့တွင် ဘုရားပျိုအုပ်စု၌ ပြည်သူ ၇၇ ဦးအား လည်းကောင်း၊ မီးကောက်ပင်အုပ်စု၌ ပြည်သူ ၆၆ ဦးအား လည်းကောင်း၊ သရက်တပင်အုပ်စု၌ ပြည်သူ ၅၅ ဦးအား လည်းကောင်း၊ ကဇင်းကြီးအုပ်စု၌ပြည်သူ ၂၂ ဦးအားလည်းကောင်း ကျန်းမာရေး ဝန်ထမ်းများက ကွင်းဆင်းထိုးနှံ ပေးခဲ့ကြောင်းနှင့် ဧပြီလကုန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**



## ရန်ကုန်မြို့၌ တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၆

ရန်ကုန် တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းက ကြီးမှူးကျင်းပသည့် တပေါင်းလပြည့် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ တောင်ဥက္ကလာပ စေတီတော် မဟာမုနိဓမ္မာရုံ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

**ပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေး ဆရာအသင်း ရန်ကုန်တိုင်းဒေသကြီး တိုင်းတာဝန်ခံဆရာကြီးနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတို့က အမှာစကားများ အသီးသီးပြောကြားခဲ့ကြသည်။

ထို့နောက်မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးဌာနမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် သက်ကြီးသမားတော် ၁၆၇ ဦးတို့အတွက် ဂုဏ်ပြုပူဇော်ငွေများကို ပေးအပ်လှူဒါန်းပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့ အခမ်းအနားအတွက် လှူဒါန်းကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လင်းရာမ**

■



---

○ စာမျက်နှာ ၁၈ မှ

၁၉၆၆ ခုနှစ်တွင် စက်ရုံအဆောက်အအုံကို ဆောက်လုပ်ခဲ့သဖြင့် အင်းစိန်ထောင်အတွင်းရှိ ပုံနှိပ်စက်ရုံကို လုပ်ငန်းလည်ပတ်မှု မပြတ်စေဘဲ တဖြည်းဖြည်းပြောင်းရွှေ့ခဲ့ရာ ၁၉၆၈ ခုနှစ် နှစ်ဦးပိုင်းတွင် အားလုံးပြောင်းရွှေ့ပြီးစီးခဲ့ပါသည်။

၁၉၆၈ ခုနှစ်တွင် ပြည်သူပိုင်သိမ်းယူခဲ့သော လက်တာပရက်စ် ပုံနှိပ်စက်အချို့၊ ချုပ်စက်အချို့နှင့် စာရေးကိရိယာဌာနခွဲကို ဗဟိုပုံနှိပ်တိုက်မှ ပြောင်းရွှေ့ခဲ့ပါသည်။ ထိုအချိန်မှစ၍ ရုံးသုံးမှုသေပုံစံနှင့် စာရေးကိရိယာလုပ်ငန်းကို အောင်ဆန်းမြို့၌ ဆောင်ရွက်ခဲ့ပါသည်။

၁၉၇၀ ပြည့်နှစ်တွင် ဗဟိုပုံနှိပ်စက်ရုံ၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတို့မှ လက်တာပရက်စ်ပုံနှိပ်စက်အဟောင်းများနှင့် ချုပ်စက်အဟောင်းများကို ဤပုံနှိပ်စက်ရုံသို့ ပြောင်းရွှေ့သယ်ယူပြီး လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ အောင်ဆန်းပုံနှိပ်စက်ရုံ၏ ပထမဦးဆုံးစက်ရုံမှူးတာဝန် ထမ်းဆောင်ခဲ့သူမှာ ဦးချစ်ဆွေ ဖြစ်ပါသည်။

### စာပေဗိမာန်ပုံနှိပ်စက်ရုံ

စာပေဗိမာန်ပုံနှိပ်စက်ရုံသည် ပြည်လမ်း ဟံသာဝတီအဝိုင်း စမ်းချောင်းမြို့နယ်တွင် တည်ရှိပါသည်။

မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းက ထုတ်လုပ်ဖြန့်ချိသော မြန်မာ့စွယ်စုံကျမ်းများ၊ ဘာသာပြန်စာပေများ၊ စာပေဗိမာန်စာမူဆုရစာအုပ်များနှင့် အခြားသုတ၊ ရသစာပေများကို နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထု စာဖတ်ပရိသတ်ထံသို့ ရောက်ရှိစေရန် ရည်ရွယ်၍ စာပေဗိမာန်အသင်းနှင့် စာပေဗိမာန်ပုံနှိပ်စက်ရုံကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအောက်ရှိ စာပေဗိမာန်ပုံနှိပ်စက်ရုံသည် ပြည်လမ်း ဟံသာဝတီ၌ ရှိသော ယခင်ဆိုရမ်တိုဗီလာအဆောက်အအုံကို ၁၉၄၈ ခုနှစ်တွင် ဝယ်ယူခဲ့ပြီး မြန်မာနိုင်ငံဘာသာပြန် စာပေအသင်းမှတစ်ဆင့် စာပေဗိမာန်ပုံနှိပ်စက်ရုံ ပေါ်ပေါက်လာခဲ့ပါသည်။ စာပေဗိမာန်ပုံနှိပ်စက်ရုံ၏ ပထမဦးဆုံးသော စက်ရုံမှူးမှာ ဦးခင်ဦး ဖြစ်ပါသည်။ စာပေဗိမာန်ပုံနှိပ်စက်ရုံသည် ပုံနှိပ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေစဉ် ၂၀၁၂ ခုနှစ် မတ်လဆန်းတွင် စက်ရုံမှူးနှင့်တကွ ဝန်ထမ်းအားလုံး အောင်ဆန်းပုံနှိပ်စက်ရုံအတွင်းသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ၁၉-၇-၂၀၁၄ ရက်နေ့တွင် စက်မှုလက်မှုအလုပ်ရုံသို့ စက်ရုံမှူးရုံးခန်း၊ စီမံရေးရာဌာန၊ ပုံနှိပ်စီစဉ်ရေးဌာန၊ ဓာတ်ပုံဌာန၊ စက်ဌာနများစသည့်ဖြင့် ထပ်မံ၍ပြောင်းရွှေ့ခဲ့ပါသည်။

### ဂျီတီစီပုံနှိပ်စက်ရုံ

ဂျီတီစီပုံနှိပ်စက်ရုံသည် အောက်မင်္ဂလာဒုံလမ်း အောင်ဆန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

ဂျီတီစီပုံနှိပ်စက်ရုံတွင် ကျောင်းသုံးဖတ်စာအုပ်များအပြင် နိုင်ငံတော်အဖွဲ့အစည်းများ၏ ဌာနဆိုင်ရာ ပုံနှိပ်လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ဖွင့်လှစ်ခဲ့ရခြင်းဖြစ်ပါသည်။

ဂျီတီစီပုံနှိပ်စက်ရုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနတွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံအစိုးရ၏ ကျွမ်းကျင်မှုအကူအညီဖြင့် ကျောင်းသုံးဖတ်စာအုပ်များပုံနှိပ်ရန်နှင့် အဆင့်မြင့် ပုံနှိပ်နည်းပညာသင်တန်းများ ပို့ချရန်ရည်ရွယ်ချက်ဖြင့် "ကျောင်းသုံးဖတ်စာအုပ် လုပ်ငန်းဆိုင်ရာ အခြေခံနှင့် အဆင့်မြင့်သင်တန်းပို့ချရေး" စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၎င်းစီမံကိန်းတွင် -

(က) ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံမှ ကျွမ်းကျင်သူများ၏ အကြံဉာဏ်နှင့်တကွ ခေတ်မီစက်ကိရိယာများ ဝယ်ယူပေးရန်ဖြစ်ပြီး စုစုပေါင်း ဂျာမန်မတ်ငွေ ၆ ဒသမ ၇ သန်း အထောက်အပံ့ပေးရန် ဖြစ်ပါသည်။

(ခ) ၁၅-၉-၁၉၈၆ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံအစိုးရကိုယ်စား တာဝန်ရှိသူတို့က စီမံကိန်းဆိုင်ရာစာချုပ်လွှာကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။

(ဂ) ၁၀-၅-၁၉၈၇ ရက်နေ့တွင် စက်ရုံအဆောက်အအုံသစ်အား အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၃၁-၃-၁၉၈၉ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။

(ဃ) ၃၁-၃-၁၉၈၈ ရက်နေ့တွင် စက်နှင့်စက်ပစ္စည်းများ ရောက်ရှိခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

(င) ၁၉၉၁ ခုနှစ်တွင် စက်တပ်ဆင်မှုလုပ်ငန်းများအားလုံး ပြီးစီးခဲ့ပါသည်။

(စ) ၁၉၉၂ ခုနှစ်မှစတင်၍ စမ်းသပ်လည်ပတ်နိုင်ခဲ့ပါသည်။

(ဆ) ၃၁-၇-၁၉၉၃ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းများအားလုံးကို GTZ မှ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ယခု ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန) သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ GTC ပုံနှိပ်စက်ရုံ၏ ပထမဦးဆုံးစက်ရုံမှူးတာဝန် ထမ်းဆောင်ခဲ့သူမှာ ဦးကျော်သူ ဖြစ်ပါသည်။

### အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)

အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး) သည် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ် မန္တလေးမြို့တွင်တည်ရှိပြီး စက်ရုံ၏အရှေ့ဘက်တွင် ၄၈ လမ်း၊ အနောက်ဘက်တွင် ၄၉ လမ်း၊ မြောက်ဘက်တွင် ဘုရင့်နောင်လမ်း၊ တောင်ဘက်တွင်အောင်ဇေယျလမ်းတို့ တည်ရှိပါသည်။

အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံကို ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။ အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ၏ ပထမဦးဆုံး စက်ရုံမှူးတာဝန်ထမ်းဆောင်ခဲ့သူမှာ ဦးတိုးကျော် ဖြစ်ပါသည်။

### နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)

နေပြည်တော်ပုံနှိပ်စက်ရုံသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး နေပြည်တော်ပျဉ်းမနားမြို့မှ ၂၂ မိုင်၊ နေပြည်တော် တပ်ကုန်းမြို့မှ ၁၁ မိုင် အကွာ မိုင်တိုင်အမှတ် (၂၃၉/၆) တွင် တည်ရှိပါသည်။

နေပြည်တော်ပုံနှိပ်စက်ရုံကို ၂၀၀၅ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် "ထူးထရေးဒင်းကုမ္ပဏီ" က စတင်ဆောက်လုပ်ခဲ့ပြီး အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှတစ်ဆင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ ပုံနှိပ်အဆောက်အအုံရစ်လုံး ပါဝင်သည့် နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ) ကို (၁၁-၃-၂၀၀၇) ရက်နေ့တွင် လွှဲပြောင်းခဲ့ပါသည်။ ပထမဦးဆုံးစက်ရုံမှူးတာဝန် ထမ်းဆောင်ခဲ့သူမှာ ဦးဝင်းလှိုင် ဖြစ်သည်။

### ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ ပြောင်းလဲခဲ့ခြင်း

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (PPE) အဖြစ် ရှိစဉ်က ပုံနှိပ်စက်ရုံဟောင်းငါးရုံ ရှိခဲ့ပြီး နောက်ပိုင်းတွင် အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ) တို့ တိုးပွားလာခဲ့ပါသည်။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (NPE) နှင့် ပူးပေါင်း၍ တိုင်းနှင့်ပြည်နယ် မြို့ကြီးများတွင် ကိုယ်ပွားသတင်းစာတိုက်တချို့ကို တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (PPE) ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန (PPD) အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ဌာနအကြီးအကဲမှာလည်း ဦးဆောင်ညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးချုပ် ဖြစ်လာပါသည်။

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ရုံးချုပ်သည် နေပြည်တော်တွင်တည်ရှိပြီး ဌာနခွဲများအနေဖြင့် နေပြည်တော်ပုံနှိပ်စက်ရုံနှင့် သပြေကုန်းဈေး စာပေဗိမာန်စာအုပ်အရောင်းဆိုင်တို့ ရှိပါသည်။ ရန်ကုန်မြို့တွင် ဗဟိုပုံနှိပ်စက်ရုံနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ရန်ကုန်ရုံးခွဲ၊ စာပေဗိမာန်၊ ဖိုသိုလစ်သိုပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံနှင့် ဂျီတီစီပုံနှိပ်စက်ရုံတို့ ရှိပါသည်။ မန္တလေးမြို့တွင် အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် စာပေဗိမာန် စာကြည့်တိုက်တို့ ရှိပါသည်။

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအောက်ရှိ စာပေဗိမာန်သည် နိုင်ငံတော်အဆင့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုတို့ကို နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ပူးပေါင်း၍ ပခုက္ကူဦးအုံးဖေစာပေဆု ဆုချီးမြှင့်ပွဲဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာနသည် နိုင်ငံတော်ပြန်တမ်း၊ အစိုးရအဖွဲ့၏ စာအုပ်စာစောင်များ၊ အခြားဝန်ကြီးဌာနများကအပ်နှံသည့် စာအုပ်များ၊ အပတ်စဉ်ထုတ် ရွှေသွေးဂျာနယ်၊ လစဉ်ထုတ် စာပေဆုရစာအုပ်များနှင့် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်၊ နှစ်စဉ်ထုတ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တို့ကို ပုံနှိပ်ထုတ်ဝေလျက်ရှိပါသည်။ ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလည်း နှစ်စဉ်ပုံနှိပ်လျက် ရှိပါသည်။ ထို့ပြင် စာပေဗိမာန်က စာရေးဆရာကြီးများ၏ စာကောင်းပေမွန်များ၊ လူငယ်လူရွယ်များ အသိပညာ တိုးပွားစေမည့် စာအုပ်များကို ပြန်လည်ထုတ်ဝေလျက်ရှိပါသည်။ ထွန်းဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁) က-(ကုတ်) စာအုပ်ကို ပုံနှိပ်ခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် စာပေပညာရှင်ကြီးများ၏ စာပေဟောပြောပွဲများ၊ စာပေစကားဝိုင်းများ၊ စာအုပ်ဈေးရောင်းပွဲများကိုလည်း နေ့ကြီးရက်ကြီးများအပြင် အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိပါသည်။ စာပေဗိမာန်၏ စာအုပ်အသင်းဝင်များကိုလည်း စာပေဗိမာန်မှ လစဉ်ထွက်ရှိသော ပြိုင်ပွဲဝင်စာမူဆုရစာအုပ်များထဲမှ စာအုပ်များကို ပုံမှန်ရောင်းဈေးထက်လျှော့၍ ရောင်းချပေးလျက်ရှိပါသည်။

တိုးတက်နေသော မီဒီယာခေတ်ကြီးတွင်အခြားသောမီဒီယာများနည်းတူ ပုံနှိပ်မီဒီယာဖြင့် နိုင်ငံတော်အကျိုးကို ဆက်လက်သယ်ပိုး စွမ်းဆောင်သွားမည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

# မြန်မာတိုင်းရင်းသားပုံပြင်များ

**မင်းသက်တင်**

## ကြောင်တွေမစင်ကို ဘာကြောင့်ဖုံး


"မင်းမှာပါတဲ့ နှုတ်ခမ်းမွေးဟာ မင်းကိုယ်ရဲ့ပမာဏကို ကိုယ်စားပြုတာပဲ။ ဒါကြောင့် မင်းဝင်ချင်တဲ့အပေါက်ကို နှုတ်ခမ်းမွေးနဲ့ တိုင်းတာရတယ်။ နှုတ်ခမ်းမွေးက အပေါက်ထက်ရှည်နေရင် မဝင်နဲ့ပေါ့။ မင်းကိုယ်နဲ့မဆံ့ဘူးပေါ့"

"အဖိုးတန်ပညာတွေပါပဲ ဆရာရယ်"

ဆရာကြောင်ရဲ့ ပညာတွေဟာ တပည့်ဖြစ်တဲ့ကျားအတွက် အလွန်အဖိုးတန်တာပေါ့။ အပေါက်တစ်ပေါက်အတွင်းကို ဝင်ချင်ရင် ဝင်လို့ရ၊ မရ သိနိုင်တဲ့နည်းပညာကို ဆရာဖြစ်တဲ့ကြောင်က သင်ပေးတာပဲဖြစ်တယ်။

"ညဥ့်အမှောင်ထဲမှာ ကောင်းကောင်းမြင်ရပြီဆရာ"

ကြောင်က ကျားအား အဖိုးတန်ပညာတွေဖြစ်သည့် ညဥ့်အမှောင်ထဲတွင်မြင်ရစေရန် မျက်စိသူငယ်အိမ်ကို ပျံ့သောချုံ့သောပညာကို သင်ပေးလိုက်တာကြောင့် ကျားက ညဥ့်အမှောင်ထဲမှာ ကောင်းမွန်စွာ မြင်ရပြီဖြစ်ကြောင်း ဆရာကြောင်ကို ပြောကြားလိုက်ခြင်းပင်။



လက်သည်းကို ထုတ်ရတဲ့အခါနဲ့ သိမ်းရတဲ့အခါ၊ အမြင့်ကနေခုန်ချပုံနဲ့ အမြင့်သို့ခုန်တက်ပုံတို့ကို တစ်မျိုးပြီးတစ်မျိုး သင်ကြားပေးတယ်။

တပည့်ဖြစ်တဲ့ကျားကို သင်ပေးပြီးတဲ့ နည်းပညာတွေကို လက်တွေ့လုပ်ခိုင်းတယ်။ ကျားဟာ ကျိုးကျိုးနွံနွံနဲ့ စိတ်ပါလက်ပါ သင်ယူတာဖြစ်တဲ့အပြင် ဆရာကြောင်ရဲ့ စိတ်ကြိုက်ဖြစ်အောင် လုပ်ဆောင်ပြနိုင်တယ်။

"ငါ့တပည့်ကျား တကယ်ကို တော်ပါပေတယ်"

တစ်ကြိမ်နှစ်ကြိမ်မှာတော့ ဆရာစိတ်ဝင်နေတဲ့ကြောင်ဟာ တပည့်ကျားလုပ်ပြသမျှကို အလွန်သဘောကျတာပေါ့။ ဆရာဖြစ်တဲ့ကြောင်နဲ့ ထပ်တူကျအောင်လုပ်ပြနိုင်တဲ့ ကြိမ်ဖန်များလာတဲ့အခါ ဆရာဖြစ်တဲ့ကြောင်က တိရစ္ဆာန်စိတ် ဝင်လာတော့တာပေါ့။

"ငါက အကောင်သေးသေးလေးပဲ၊ ကျားက ငါ့ထက်အဆမတန်ကြီးတယ်။ ငါတတ်သမျှအားလုံးကို ကျားက တတ်နေသိနေရင် ငါဒုက္ခရောက်နိုင်တယ်"

ဆရာဖြစ်တဲ့ကြောင်က အတွေးဝင်လာလို့ အရေးကြီးတဲ့နည်းပညာတစ်ရပ်ကိုတော့ သင်မပေးတော့ဘဲ ချန်ထားလိုက်တယ်။

ကြောင်က သင်ပေးလိုက်တဲ့ပညာတွေနဲ့ ကျားက အမဲလိုက်ထွက်တဲ့အခါ ကျားရဲ့အမြီးကြီးက မြေပြင်ကို တဖတ်ဖတ်ရိုက်ကာပါလာတာမို့ သားကောင်တွေက အသံကြားပြီး ပြေးကြတော့တာပေါ့။ ကျားလည်း အလွယ်တကူ သားကောင်ရှာလို့ မရဘူးပေါ့ကွယ်။

"ဆရာကြောင်ကတော့ အမြီးထားသိုနည်းသင်ပေးဖို့ မေ့သွားတယ်ထင်တယ်"

ကျားက လက်တွေ့ အမဲလိုက်ရာက သိလာရတဲ့အသိတရားကို ဆရာကြောင်အားပြောပြမယ်လို့တွေးပြီး အမြီးထားသိုနည်းသင်ပေးဖို့ ဆရာကြောင်ထံသို့သွားတဲ့အခါ ဆရာကြောင်က လုံးဝအတွေ့မခံတော့ဘူးပေါ့။

ကျားဟာ ဆရာကြောင်ထံကိုသွားလည်း မတွေ့ရ၊ အမဲလိုက်တော့လည်း သားကောင်မရတာကြောင့် စိတ်တိုကာဒေါသထွက်လာရတော့တယ်။

"ဆရာလုပ်နေပြီးတော့ ကိုယ့်တပည့်ကို ပညာစုံအောင်သင်မပေးဘူး။ သည်လိုလုပ်တာကောင်းသလားဗျာ။"

ကျားဟာ တစ်ကောင်တည်းမြည်တွန်တောက်တီးကာ ဒေါသလည်းဖြစ်နေလေရဲ့။ တောထဲမှာ လျှောက်သွားပြီး ဆရာဖြစ်တဲ့ကြောင်ကို ကြားလောက်အောင် ဟစ်အော်ပြောဆိုပေမယ့် ဆရာကြောင်ကတော့ ဘာမှတုံ့ပြန်မှုမရှိဘဲ အတွေ့လည်းမခံဘူးတဲ့ကွယ်။

ဒီလိုနဲ့ ကျားက ပိုပိုပြီးဒေါသထွက်လာတော့တယ်။

တစ်နေ့မှာတော့ ကျားက ဆရာကြောင်ကို ရန်သူအဖြစ် သတ်မှတ်ဖို့ ဆုံးဖြတ်လိုက်လေတယ်။

"ဆရာကြောင်ဟာ ဟိုတုန်းကတော့ ငါ့ရဲ့ဆရာပါပဲ။ ဒီကနေ့ကစပြီး ရန်သူဖြစ်သွားပြီ။ တွေ့တဲ့နေရာမှာ ဝါးစားပစ်မယ်။ ကြောင်ဆိုရင် ကြောင်အစစ်မပြောနဲ့ ကြောင်ချေးကိုတောင်ချမ်းသာမပေးဘူးမှတ်ထား"

ကျားက တစ်တောလုံးက တိရစ္ဆာန်တွေကြားအောင် တောထဲကိုလှည့်လည်သွားလာပြီး အော်ဟစ်ပြောဆို ကြိမ်းဝါးသတဲ့။ ဒီလိုနဲ့ ကြောင်တွေဟာ မစင်စွန့်တဲ့အခါ မစင်ကို ကျားမတွေ့ရအောင် ပြာတို့၊ ဖုန်တို့၊ သစ်ရွက်တို့နဲ့ လုံခြုံအောင် ဖုံးအုပ်ထားလေ့ ရှိတော့တာပေါ့ကွယ်။ ။

■

# တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

## မွန်–ကရင်တိုင်းရင်းသားစကားထာ

ရှေးသရောအခါက ရာမညတိုင်းဌာနေရှိ ကျေးလက်တောရွာတစ်ရွာတွင် "ဗညားနှင့်လဂွန်းအိမ်"ဟူသည့် မွန်တိုင်းရင်းသားဆယ်ကျော်သက်လူငယ် သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစားဖြင့် လောကီ၊ လောကုတ္တရာပညာရပ်များကို သင်ယူလျက်ရှိပြီး စည်းကမ်းသေဝပ်ကာ စာကြိုးစားကြသူများဖြစ်သည်။

ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကြီးသည်လည်း မွန်တိုင်းရင်းသားဖြစ်သည်။ စာပေကျမ်းဂန်အရာတွင် ကျွမ်းကျင်နှံ့စပ်ပြီး သင်ကြားပို့ချမှုတွင်လည်း ကောင်းသတင်းဖြင့် ကျော်ကြားသည်။

ဗညားနှင့်လဂွန်းအိမ်တို့သည် အားလပ်သည့်အချိန်များတွင် ဘုန်းကြီးကျောင်း၏တောင်ဘက် မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

"လဂွန်းအိမ်ရေ ဉာဏ်စမ်းမေးခွန်းတွေမေးဖို့ အဆင်သင့်ဖြစ်ပြီနော်"

"သူငယ်ချင်း အဆင်သင့်ဖြစ်ရင် မေးလေကွာ" ဗညား၏ပြောစကားကို လဂွန်းအိမ်ကလည်း အလိုက်သင့်ပြန်ပြောလိုက်ခြင်းဖြစ်သည်။

"မေးတော့မယ်တဲ့ မေးတော့မယ်။ မေးတော့မယ်တဲ့ မေးတော့မယ်။ ကြိုးစားဖြေပါ သူငယ်ချင်းရယ်။ မဖြေနိုင်ရင် ပန်းပေးကွယ်၊ အဖြေတွေက အလွယ်လေးတဲ့ အလွယ်လေး၊ အလွယ်လေး။ မွန်–ကရင်စကားထာ ဉာဏ်စမ်းထဲကပဲ ရွေးကာဖြေမှ အဖြေမှန်မယ် သူငယ်ချင်းရယ်"

"မေးခွန်းမေးမယ်ဆိုလည်း မေးပါကွာ ဗညားရာ ကဗျာလိုလို သီချင်းလိုလိုတွေ လုပ်မနေပါနဲ့"

လဂွန်းအိမ်က စိတ်မရှည်စွာဖြင့် ပြန်ပြောလိုက်ရာ ဗညားတစ်ယောက်တဟင်းဟင်းဖြင့်သဘောကျကာ ရယ်မောနေတော့သည်။ ပြီးမှ ဖြည်းဖြည်းချင်းဆက်ပြောသည်။

"မေးခွန်းမစခင် သူငယ်ချင်းကို ဥပဒေသအောက်လိုင်းပေးနေတာပါ။ ကဲ– မေးပြီကွာ။ "လူမကြဲဘဲ ပွင့်တဲ့အပွင့်က ဘာလဲ"။ ဖြေပေတော့ လဂွန်းအိမ်ရေ"

ဗညား၏ ဉာဏ်စမ်းမေးခွန်းကို လဂွန်းအိမ်က တီးတိုးရေရွတ်ကြည့်ရင်း စဉ်းစားနေသည်။ ခဏအကြာတွင် လဂွန်းအိမ်က ပြုံးပြီး မေးခွန်း၏အဖြေကို ဖြေလိုက်သည်။

"အဖြေတွေကတော့ အများကြီးတွေ့ပါတယ်ကွာ။ သူငယ်ချင်းလိုချင်တဲ့အဖြေက မွန်–ကရင်တိုင်းရင်းသား စကားထာဉာဏ်စမ်းတွေထဲကဆိုတော့ ဒါလည်းအဖြေကရပါပြီ၊

အဖြေမှန်က 'ကြယ်ပွင့်'ပေါ့ကွာ၊ ဟုတ်တယ်ဟုတ်'

လဂွန်းအိမ်၏အဖြေစကားကို ဗညားက လက်မထောင်ပြပြီး ဆက်ပြောသည်။ "မှန်ပါတယ် သူငယ်ချင်းရယ်။ ဒါပေမဲ့ ဒီတစ်ခါလည်း ငါပဲ မေးခွန်းမေးချင်သေးတယ်"

"ရပါတယ် ဗညားရာ။ မေးချင်သေးရင်လည်းမေးပေါ့။ ငါကလည်း ဖြေနိုင်မှာပါပဲ"

လဂွန်းအိမ်က ဗညား၏ဆန္ဒကိုဖြည့်ဆည်းပေးလိုက်ရာ ဗညားလည်း ပိုမိုပျော်ရွှင်သွားတော့သည်။

"ကျေးဇူးပဲ သူငယ်ချင်းရေ၊ မင်းမေးရမယ့် အလှည့်ကို သဘောထားကြီးကြီးနဲ့ ငါ့ကိုဦးစားပေးလိုက်တာ လေးစားတယ်ကွာ။ ငါမေးခွန်းထုတ်ချင်တာက "လူတွေမတီးဘဲ မြည်တဲ့အသံက ဘာသံလဲ" ဆိုတာပဲကွာ၊ သူငယ်ချင်းဖြေပေးပါဦး"

"ရပါတယ်ဗညားရာ၊ ဒီမေးခွန်းက ပိုတောင်လွယ်နေမလားလို့။ ငါတစ်ခါတည်းဖြေလိုက်ရင် ကောင်းပါ့မလားလို့ တွေးနေတာ။ "လူတွေမတီးဘဲ မြည်တဲ့အသံက ဘာသံလဲ" ဆိုတဲ့မေးခွန်းရဲ့ အဖြေကတော့ အမျိုးမျိုးရှိတာပေါ့ကွာ။ သူငယ်ချင်းလိုချင်တဲ့ အဖြေက မွန်–ကရင်တိုင်းရင်းသားစကားထာ ဉာဏ်စမ်းတွေထဲကဆိုတော့လည်း အဲဒီအုပ်စုထဲက အဖြေကိုပဲ ဖြေပေးလိုက်ပါ့မယ်။ တိကျသေချာတဲ့အဖြေက "မိုးကြိုးပစ်သံ"ပေါ့ ဗညားရာ၊ ဒါဆိုရင် အဖြေလည်းမှန်၊ သူငယ်ချင်းလည်း ကျေနပ်လောက်ပြီလို့ ထင်ပါတယ်နော်"

"ကျေနပ်ပါတယ်။ သိပ်ကိုကျေနပ်တယ်။ အဖြေကလည်း တိကျသေချာတယ်ကွာ။ သူငယ်ချင်းက စာတွေအဖတ်များတော့ ဗဟုသုတကြွယ်ဝပြီး သေချာမှန်ကန်အောင်ဖြေနိုင်တာပေါ့ကွာ၊ အားကျတယ် သူငယ်ချင်းရာ"

"အချင်းချင်း မြှောက်မနေပါနဲ့ကွာ။ ဒါဆို ငါမေးရမယ့် အလှည့်ဆိုတော့ မေးခွန်းထုတ်လိုက်ပြီနော်။ "ပန်းတစ်ပွင့်တည်းနဲ့ တစ်ကမ္ဘာလုံးကို လင်းစေတာ ဘာဖြစ်မလဲ" ဖြေပေတော့ ဗညားရေ"

လဂွန်းအိမ်၏အမေးကို ဗညားက တွေခနဲတစ်ချက်စဉ်းစားပြီး အဖြေကိုချက်ချင်းမဖြေသေးဘဲ ဆက်ပြောလိုက်သည်။

"ဒီလိုကွာမေးခွန်းက "ပန်းတစ်ပွင့်တည်းနဲ့ တစ်ကမ္ဘာလုံးကို လင်းစေတာဘာဖြစ်မလဲ" ဆိုတော့ကွာ နေမင်းများဖြစ်နေမလားလို့ တွေးမိသေးတယ်။ ဒါပေမဲ့ ငါအောက်လိုင်းပေးထားသလို မွန်–ကရင်တိုင်းရင်းသားစကားထာ ဉာဏ်စမ်းတွေထဲကပဲဖြေမှ အဖြေကမှန်ကန်တိကျမယ်မဟုတ်လား"

"ဒါပေါ့သူငယ်ချင်းရယ်၊ မေးခွန်းမမေးခင်ကတည်းက ဥပဒေသစည်းမျဉ်းစည်းကမ်းကို သူငယ်ချင်းပဲ ထုတ်ထားတာလေ၊ လိုက်နာရမှာပေါ့ ဟင်းဟင်းဟင်း"

လဂွန်းအိမ်က ဗညား၏စကားကို ပြန်ပြောရင်း သဘောတကျရယ်မောလိုက်လေသည်။

"အေးပါကွာ၊ အဖြေမှန်က ရနေပါပြီ။ ဖြေမယ်နော် "လမင်း" ဆိုတဲ့ အေးချမ်းတဲ့ပန်းတစ်ပွင့်ဆိုရင် မှန်တယ်မဟုတ်လား"

ဗညား၏ အဖြေစကားကို မှန်ကန်ကြောင်း လဂွန်းအိမ်က ပြန်ပြောစဉ်မှာပင် ဘုန်းကြီးကျောင်းဆီက သံချောင်းခေါက်သံ နှစ်ချက်ထွက်ပေါ်လာရာ ဗညားနှင့်လဂွန်းအိမ်တို့နှစ်ဦးသား ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတက်သွားကြတော့သည်။ ။

■

# ဆလုံတိုင်းရင်းသားလူမှုဘဝ

မနုသဝင်းမော်



ဆလုံတိုင်းရင်းသား သတို့သား၏ဖခင်က သတို့သမီး၏မိခင်ထံသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်နေစဉ်။

### မိသားစုအစုအဖွဲ့နှင့် နေထိုင်မှု

ဆလုံမိသားစုများတွင် အခြေခံမိသားစုနှင့် အိမ်ထောင်တွဲမိသားစုဟူ၍ရှိကြောင်း သိရသည်။ အခြေခံမိသားစုတွင် အမိအဖနှင့် သားသမီးများ အတူတကွနေထိုင်ကြသည်။ အိမ်ထောင်တွဲမိသားစုများတွင် အမိ၊ အဖနှင့် လက်မထပ်ရသေးသော သားသမီးများ၊ လက်ထပ်ပြီးသော သားများ၏ မိသားစု၊ လက်ထပ်ပြီးသော မြေးယောကျ်ားလေးများ၏မိသားစု၊ ဖခင်ညီအစ်ကိုများ၏ မိသားစုများ စသည်တို့ဖြင့် စုပေါင်းနေထိုင်ကြသည်။

ဆလုံတိုင်းရင်းသား တို့၏ အိမ်ထောင်တွဲ မိသားစုများတွင် လက်ထပ်ပြီးသောသားများသည် အများအားဖြင့် သားဦးရသည့်အခါ အိမ်ခွဲနေထိုင်ခြင်းများ ရှိသည်။ ထိုကဲ့သို့ သားဦးရလျှင် မဖြစ်မနေ အိမ်ခွဲရမည်ဟူသည့် ကန့်သတ်ချက်မျိုးတော့ သီးသန့်မရှိပေ။

သမီး မိန်းကလေးများ အိမ်ထောင်ပြုလျှင် "ယောကျ်ားဘက်လိုက်နေစနစ်" ဖြစ်သော လင်ယောကျ်ား၏ နောက်သို့ လိုက်ပါနေထိုင်ရပြီး ယောက္ခမများ၏မိသားစုနှင့် သွားရောက်နေထိုင်ကြရသည်။ သို့သော် ယောကျ်ားလေးဘက်တွင် အဆင်မပြေလျှင်လည်း မိန်းကလေး၏ မိဘများနှင့် အတူတကွနေထိုင်နိုင်သည်။ ယင်းသို့နေထိုင်ရာတွင် စီးပွားရေးမှာ တစ်စီးပွားတည်းဖြစ်ပြီး အတူချက်ပြုတ်စားသောက်ကြသည့် ဓလေ့ရှိသည်။

မိသားစုတစ်စုလုံးတွင် ဖခင်သည် ဩဇာအရှိဆုံးဖြစ်သည်။

### အိမ်ထောင်စုအရေး

ဖခင်ဖြစ်သူသည် လုံးဝအာဏာပိုင်သည်ဆိုသည့်တိုင် မိခင်ဖြစ်သူက အိမ်ထောင်စုအရေးတွင် မိမိ၏သဘောထားကို ထုတ်ဖော်ပြောဆိုနိုင်ခွင့်ရှိသည်။ ဖခင်သည် မိမိဇနီး၏သဘောထားကိုလည်း ထည့်သွင်းစဉ်းစားပြီးမှ ဆုံးဖြတ်လေ့ရှိသည်ဟု သိရသည်။ သားသမီးများကိုလည်း ဖခင်က တိုင်ပင်ရသည်။ ထို့ကြောင့် ဖခင်သည် အိမ်ထောင်ဦးစီးဖြစ်သော်လည်း လက်တွေ့တွင်မူ လုံးဝအာဏာပိုင်ဆိုင်ကာ ဆုံးဖြတ်ချက် ချနိုင်သော်လည်း တစ်ဦးတည်းမကျင့်သုံးဘဲ ဇနီး၊ သားသမီးတို့နှင့် တိုင်ပင်ဆွေးနွေးသည့်သဘောကို တွေ့ရသည်။

ဖခင်မရှိလျှင် မိခင် သို့မဟုတ် သားအကြီးဆုံးဖြစ်သူက ဖခင်၏နေရာကိုဆက်ခံရသည်။ စီးပွားရေးကိုလည်း ဆက်လက်ဦးစီးလုပ်ကိုင်ရသည်။ မိသားစုတစ်စုလုံးကို မျှတစွာ စီမံအုပ်ချုပ်ကြသူများဖြစ်၍ ဖခင်၊ မိခင်နှင့် အစ်ကိုကြီးတို့ကို ကျန်မိသားစုဝင်အားလုံးက ချစ်ကြောက်ရိုသေကြသည်။

### "ကဗန်းလှေ" များ

မိသားစုဝင် အားလုံးသည် စီးပွားဥစ္စာပစ္စည်းကို စုပေါင်းပိုင်ဆိုင်ကြပြီး ဝိုင်းလုပ်ဝိုင်းစားစနစ်ဖြင့် နေထိုင်ကြသည်။ မိသားစုတစ်စုအတွင်း ပိုင်ဆိုင်မှုများကို ခွဲဝေထားခြင်းမျိုးမရှိဘဲ အိမ်ခွဲဆင်းမှသာ စီးပွားခွဲလေ့ရှိကြသည်။

ရှေးယခင်က ဆလုံတိုင်းရင်းသားတို့သည် ပင်လယ်ပြင်ကို အခြေပြု၍ လှေများဖြင့် သွားလာနေထိုင်ကြသူများဖြစ်၍ အတည်တကျနေထိုင်မှုမရှိကြပေ။ ဆလုံတို့၏အဓိကအိမ်မှာ ယင်းတို့ပိုင်ဆိုင်သည့် "ကဗန်းလှေ" များသာဖြစ်သည်။ ယင်းလှေများအတွင်းတွင်သာ အိမ်အသုံးအဆောင် ပစ္စည်းများကို ခင်းကျင်းထားသိုကာ နေထိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

မိုးရာသီကာလ လှိုင်းလေပြင်းထန်ချိန်များတွင် ပင်လယ်အတွင်း သွားလာနေထိုင်မှု မပြုတော့ဘဲ ပင်လယ်ကမ်းစပ်များတွင် အိမ်များကို မိမိတို့ကိုယ်တိုင်ဆောက်လုပ်ကာ ယာယီနေထိုင်ကြသည်။ နောင်နှစ်မိုးရာသီများတွင်လည်း မိမိတို့ဆောက်လုပ်နေထိုင်ခဲ့ကြသည့် အဆိုပါအိမ်များတွင် လာရောက်နေထိုင်ကြသည်။

မိမိတို့အိမ်သို့ ပြန်လာချိန်တွင် အခြားသူများက မိမိတို့ထက်ဦးစွာ ဝင်ရောက်နေထိုင်ကြလျှင်လည်း ဖယ်ရှားခိုင်းခြင်းမျိုးမရှိဘဲ အတူဝင်ရောက် နေထိုင်ကြသည်။ အချို့က အိမ်အသစ်ထပ်မံဆောက်လုပ်ပြီး နေထိုင်ကြသည်များလည်းရှိသည်။

ယခုအခါတွင် နိုင်ငံတော်အကြီးအကဲများက ကျေးရွာ၊ အိုးအိမ် သတ်မှတ်ပေးမှုအရ ကျေးရွာများ ပေါ်ပေါက်လာပြီး နေအိမ်များဖြင့် စည်ပင်ဖွံ့ဖြိုးမှုများရှိလာကာ အတည်တကျ နေထိုင်လာကြပြီ ဖြစ်ကြောင်း မှတ်တမ်းပြု ဖော်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းနှင့် ဓာတ်ပုံ**

*ဆလုံတိုင်းရင်းသားများ လူမှုစီးပွားရေးဘဝ၊ ပါမောက္ခ ဒေါ်တင်ရီနှင့်အဖွဲ့*



ဆလုံတိုင်းရင်းသားတို့နေထိုင်ရာ လှေအိမ်အတွင်း ခင်းကျင်းပြင်ဆင်ထားသည်ကို တွေ့ရစဉ်။

## သွေးချင်းညီညာ အောင်ကြောင်းဖြာ

☆ ရင်းနှီးချစ်ကြည်
မြန်ပြည်သားချင်း တိုင်းရင်းသားနော်
ဖော်မွန်တစ်သင်း သွေးချင်းစုံရာ
ပြည်မြန်မာတည့်။

☆ တွဲလက်ဖေးကူ
မငြူစူဘဲ ကြည်ဖြူမြဲမို့
မခွဲတူယှဉ် သမိုင်းဝင်သည့်
အစဉ်အလာရှိသည်တည့်။

☆ မွန်မြတ်စိတ်ထား
နှလုံးသားမှာ ခွန်အားဖြစ်တည်
ညီကိုသွေးချင်း ရိုင်းပင်းချစ်ကြည်
တွဲလက်ညီလျက် ရှေ့သို့ချီကာ
မြန်ပြည်သာယာရှိသည်တည့်။

☆ ချစ်ကြည်သွေးချင်း
တိုင်းရင်းသားမို့ လက်တို့ပါရစေ
တို့မြေခိုင်ရေး နှလုံးသွေးနဲ့
ရေးထိုးခဲ့တဲ့ တို့ရဲ့ဘိုးဘွား
သွေးချင်းများပင် ထားခဲ့အမွေ
ဤမြေတည်တံ့ ခိုင်ခံ့နိုင်ရေး
"ကာကွယ်ပေးစို့ သွေးချင်းတို့ရေ"
"ကာကွယ်ပေးစို့ သွေးချင်းတို့ရေ"
တို့တွေ ညီညာရှိသည်လေ။
အောင်ကြောင်းဝေဖြာရှိသည်တည့်။ ။

လင်းမောင်(စီးပွားရေး)

## ချင်းလူမျိုးဆိုင်ရာ ဟာသများ

**ရွှံ့တွေ**

၁၉၇၀ ပြည့်လွန်နှစ်များက ချင်းတောင်တန်းမြို့ငယ်လေးတွင် အလယ်တန်းကျောင်းသာရှိသေးသည်။

ရွာမှ မြို့သို့ ၆ တန်းသွားတက်သော တီးနှင့် လိုင်း ညီအစ်မနှစ်ဦးမှာ အစ်ကိုလတ်နှင့်အတူ မြို့ပေါ်တွင် အိမ်ငယ်လေးဖြင့်သွားနေကြရသည်။

သူတို့သည် သနပ်ခါးခဲများသွေး၍ ပါးတွင်လူးသောအကျင့်ကို ရလာကြသည်။

သီတင်းကျွတ်ပိတ်ရက်တွင် အလည်ပြန်ရင်း စားနပ်ရိက္ခာများ သယ်ယူလိုကြသည်။

ထို့ကြောင့် ၂၆ မိုင်ဝေးသော တောင်တက်တောင်ဆင်းလမ်းကို တစ်နေကုန် ခြေကျင်လျှောက်ကာ ညနေပိုင်းတွင်ရွာပြန်ရောက်လာကြသည်။

သူတို့ပါးတွင် သနပ်ခါးခဲလိမ်းထားတာမြင်သော အဘွားဒေါ်လျူးပိုင်းက သူတို့ကို မြည်တွန်တောက်တီးလိုက်သဖြင့် ညီအစ်မနှစ်ဦးရယ်ကြတော့သည်။

"ဒီကလေးမနှစ်ယောက်နယ် မြို့ပေါ်သွားနေမှ ရွှံ့တွေပါးမှာလူးတဲ့အကျင့်တတ်လာကြသလား အံ့ပါ့တော်"။

ဆလိုင်းရွှေလင်း

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၈၉ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၃ ဒသမ ၂၈ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၈၉၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၈၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၃.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၃၇,၂၁၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၀၇,၃၉၉) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၁၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၀,၈၈၇) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၁၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅-၃-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၅,၁၉၅,၈၁၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၂၁,၅၀၁,၅၂၃)ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၃,၆၉၄,၂၉၆) ဦးရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၅-၃-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၄၆,၆၉၇,၃၄၂) ကြိမ်ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆအထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆအထက်၊ ရောဂါကြောင့်သေဆုံးရမှုကို ၁၀ ဆအထက် လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- **မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့်သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။**
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံး နည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့် မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့် အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား ကျောင်းသူများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၂၅) ခု | (၁၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၂) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၅) ခု | (၁၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇) ခု | (၁၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၉၁) ခု | (၅၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၇၆၇) ခု | (၅၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၁၀၈) ခု | (၂၂၉) ဦး |
| **စုစုပေါင်း** | (၁၄,၈၉၅) ခု | (၄၈၉) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၅-၃-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၃,၆၉၄,၂၉၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၅၀၁,၅၂၃) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၅,၁၉၅,၈၁၉) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၆,၆၉၇,၃၄၂) ကြိမ် |

ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၂၄၄၉၃၆ | ၅၆၄၅၆၄၅၀ | ၉၉၃၈၁၁ |
| ၂။ | အိန္ဒိယ | ၄၂၉၈၈၉၃၈ | ၄၂၄၅၀၀၅၅ | ၅၁၆၁၀၃ |
| ၃။ | ဘရာဇီး | ၂၉၄၃၂၂၇၄ | ၂၇၉၆၈၈၁၁ | ၆၅၅၆၄၉ |
| ၄။ | ပြင်သစ် | ၂၃၆၄၉၆၁၅ | ၂၂၃၂၇၇၉၉ | ၁၄၀၄၄၀ |
| ၅။ | ဗြိတိန် | ၁၉၈၂၀၁၈၁ | ၁၈၄၂၉၆၃၃ | ၁၆၃၀၉၅ |
| ၆။ | ဂျာမနီ | ၁၇၅၆၇၇၃၈ | ၁၃၉၃၁၉၀၀ | ၁၂၆၅၃၂ |
| ၇။ | ရုရှား | ၁၇၄၄၉၄၃၈ | ၁၅၈၂၂၀၃၁ | ၃၆၂၄၇၈ |
| ၈။ | တူရကီ | ၁၄၆၀၀၆၈၃ | ၁၄၂၁၃၄၄၅ | ၉၆၇၃၅ |
| ၉။ | အီတလီ | ၁၃၄၈၉၃၁၉ | ၁၂၂၉၆၀၁၈ | ၁၅၇၁၇၇ |
| ၁၀။ | စပိန် | ၁၁၂၆၀၀၄၀ | ၁၀၅၀၂၇၈၄ | ၁၀၁၄၁၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၆၅၅၂၉၁၈ | ၃၃၈၃၁၄၂ | ၄၁၅၄၅ |
| ၂။ | အင်ဒိုနီးရှား | ၅၉၂၇၅၅၀ | ၅၄၉၄၆၀၆ | ၁၅၂၉၇၅ |
| ၃။ | မလေးရှား | ၃၈၇၂၁၃၅ | ၃၅၃၃၉၉၄ | ၃၃၉၉၄ |
| ၄။ | ဖိလစ်ပိုင် | ၃၆၇၁၂၉၃ | ၃၅၆၇၄၁၂ | ၅၇၆၂၅ |
| ၅။ | ထိုင်း | ၃၂၅၀၆၄၂ | ၃၀၀၄၇၅၂ | ၂၃၉၂၁ |
| ၆။ | စင်ကာပူ | ၉၆၄၃၂၉ | ၉၂၁၂၃၆ | ၁၁၅၉ |
| ၇။ | မြန်မာ | ၆၀၇၃၉၉ | ၅၆၀၈၈၇ | ၁၉၄၁၇ |
| ၈။ | လာအို | ၁၄၈၂၅၇ | ၁၄၆၄၁၃ | ၆၄၃ |
| ၉။ | ကမ္ဘောဒီးယား | ၁၃၄၄၉၂ | ၁၃၀၀၂၈ | ၃၀၄၉ |
| ၁၀။ | ဘရူနိုင်း | ၁၁၈၈၉၂ | ၉၄၇၇၄ | ၁၇၆ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ကိုငှက်ရိုး၏စကား။ သူ၏ဟန်မှာလည်း အားကျဝမ်းမြောက်ဟန်နှင့်။

အငြိမ့်တစ်ဖွဲ့သားလုံးက နန်းကိန္နရီကို "အရီ" ဟု ခေါ်ကြသည်။

"အဲဒါသိလား။ အရီအပြောကောင်းလို့ပေါ့။ သူဌေးမကြီးနဲ့ သူနဲ့ တစ်မြေတစ်ရေတည်းကပါလို့ ပြောခဲ့လို့ပေါ့။ ဒါထက် နေစမ်းပါဦး အရီ။ ညည်းဟာ ရေနံချောင်းသူပါဆိုတာ တကယ်လား"

ကိုသော်တာက မေးသည်။

"ဩော် ဦးလေးသော်တာနှယ်။ ကျားကိုက်ပါတယ်ဆိုမှ နာတာရှည်လားဆိုတာလို ကျနေပြီ။ အရီဟာ ရေနံချောင်းသူစစ်စစ်ပါ။ ရေမရောပါဘူး"

နန်းကိန္နရီ ရယ်မောရင်း ပြန်ပြောသည်။

"အစက ညည်း တစ်ခါမှဒီလိုမပြောဖူးပါလား"


"ဒါကတော့ အခွင့်မသင့်သေးလို့ပါဦးလေးရဲ့။ အခုတော့ တစ်မျိုးပဲလေ။ ဒေါ်ရေနံ့သာ ခင်ခင်ကြီးဆိုတော့ ရေနံချောင်းသူပဲဖြစ်ရမယ်ဆိုပြီး ပြောမိတာ။ ရေနံချောင်းကို ကဗျာဆန်ချင်တဲ့လူတွေက ရေနံ့သာလို့လည်း ခေါ်ကြတယ်မဟုတ်လား။ ရေနံ့သာမိုးလှိုင်တို့ဘာတို့ဆိုတာလိုပေါ့"

"အေးပေါ့ ဒီသူဌေးမကြီးရဲ့နာမည်ကလည်း အဆန်းသားကွယ့်။ ဒီနာမည်ကြားစတုန်းက ငါတောင် အငြိမ့်မင်းသမီးလား ဘာလားနဲ့ တွေးမိသေး"

ကိုသော်တာ၏စကားကို အားလုံးက ဝိုင်းဝန်းရယ်မောမိကြသည်။

ယင်းအခိုက် အငြိမ့်ငှားစဉ်က လိုက်ပါလာခဲ့ဖူးသော အမျိုးသမီးကြီးတစ်ယောက် သူ့ထံလာနေသည်ကို တွေ့ရ၍ စကားကို ရပ်ထားလိုက်ကြရသည်။ ယင်းအမျိုးသမီးကြီးက နန်းကိန္နရီအား ဒေါ်ရေနံ့သာခင်ခင်ကြီးက တွေ့လိုကြောင်း ပြောပြခဲ့သည်။ နန်းကိန္နရီအပါအဝင် တစ်ဖွဲ့သားလုံး အံ့အားသင့်ကြရသည်။

သို့ဖြင့် နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရှေ့မှောက်သို့ ရောက်ရှိလာရသည်။ သူ့အနေနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးအား အဝေးမှ လှမ်း၍ မြင်ခဲ့ရသည်။ ကိုငှက်ရိုးက ပြသသဖြင့် အမှတ်မထင် ကြည့်ခဲ့မိသည်။ ယင်းအမျိုးသမီးကြီး၏ သွင်ပြင်မှာ လေးစား




ဖွယ်ကောင်းလောက်အောင် တည်ငြိမ်ရင့်ကျက်ခြင်းလည်းရှိသည်။ အမျိုးသမီးအချင်းချင်းအနေနှင့်ပင် အားကျလောက်အောင် လှပချောမွေ့ခြင်းလည်းရှိသည်။ ဝတ်ဆင်ထားသော အဝတ်အစားနှင့် တစ်ကိုယ်လုံး တောက်ရွှန်းနေသည်ဟု ထင်ရလောက်အောင် များပြားသော လက်ဝတ်တန်ဆာ ဒွါဒရာများကိုလည်း တွေ့ရသည်။

အဝေးမှကြည့်စဉ်ကထက် ယခုလို အနီးကပ်ကပ် အမှတ်ထင်ထင်မြင်ရသော အခါ ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ ပို၍ နုနယ်နေကြောင်း၊ ပို၍ ချောမွေ့နေကြောင်း နန်းကိန္နရီတွေ့ရသည်။

ငယ်ငယ်ကဆိုလျှင် အဘယ်မျှ ချောမွေ့လေမည်နည်းဟု နန်းကိန္နရီ စဉ်းစားသည်။

ခမ်းနားသော ဧည့်ခန်း၏ အရှိန်အဝါက ခြောက်လှန့်ထားသလိုဖြစ်နေ၍ နန်းကိန္နရီ ခြေလှမ်းတုံ့သည်။ မဝံ့မရဲရှိရသည်။ သူ့အား တံခါးပေါက်ဝတွင် စတင်၍ တွေ့လျှင်တွေ့ချင်း ပြုံးပြခဲ့သော ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အပြုံးကြောင့်သာလျှင် အနည်းငယ်အားတက်လာရသည်။

"လာကွယ်။ ဒီမှာထိုင်"

ဒေါ်ရေနံ့သာခင်ခင်ကြီးက နန်းကိန္နရီအား သူနှင့် မျက်နှာချင်းဆိုင်ဆိုဖာသို့ ညွှန်ပြသည်။ နန်းကိန္နရီသည် ပြည့်တင်းသော တင်သားအိအိကလေးများဖြင့် ဆိုဖာပေါ်သို့ မရဲတရဲ ထိုင်ချသည်။

အခန်းထဲတွင် သူတို့နှစ်ယောက်မှအပ အခြားသူမရှိ။ အိမ်အပြင်ဆီမှ ပစ္စည်းပြောင်းရွှေ့သံအချို့ကို ကြားနေရသည်မှလွဲလျှင် အခန်းမှာ တိတ်ဆိတ်နေသည်။ ငြိမ်သက်နေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီကို မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်နေသည်။ အမျိုးသမီးငယ်သည် ဗလာထဘီကို ရိုးရိုးထဘီနှင့် လဲလှယ်ဝတ်ဆင်ရုံမှအပ အခြားအဝတ်အစားများကို မလဲလှယ်ရသေး။ ထိုင်မသိမ်းနှင့် ရင်စည်းအင်္ကျီနှင့်ပင်။ ဆံယဉ်စနှင့် ဆံမြိတ်ထုံးနှင့်ပင်။

နန်းကိန္နရီ၏မျက်နှာတွင် မိတ်ကပ်ရှိနေဆဲ။ နှုတ်ခမ်းနီ ဆိုးထားဆဲ။ ယင်းအရာများကြောင့် မျက်နှာ၏အလှမှာ ပို၍ တောက်ပသည်။ ပို၍ပုံပေါ်သည်။ လည်တိုင်မှာ ကြော့ရှင်းသည်။ ပုလဲသွယ်ဖြင့် လည်တိုင်အလှကို ဖြည့်စွက်ထားသည်။ ရင်စည်းအင်္ကျီ၏ စည်းနှောင်ခြင်းမှ ကင်းလွတ်နေသော ရင်ညွန့်သားကလေးမှာ ဝင်းနေသည်။ စို့စို့မို့မို့ရှိနေသည်။

ဩော်၊ လှလိုက်တဲ့ ကလေးမ။ ဒေါ်ရေနံ့သာခင်ခင်ကြီးရင်ထဲမှာ ပြောနေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးက မိမိအား စူးစိုက်ကြည့်ရှုမှုလွဲ၍ စကားတစ်စုံတစ်ရာ မပြောဘဲနေသဖြင့် နန်းကိန္နရီ အနေရကျဉ်းကျပ်လျက်ရှိသည်။ တောရိုင်းသမင်မငယ်နှယ် စိုးရွံ့ခြင်းမကင်းသော မျက်ဝန်းအစုံဖြင့် ဒေါ်ရေနံ့သာခင်ခင်ကြီးအား ပြန်လှန်ကြည့်မိသည်။

အတော်ချည်းကြာမှ စကားသံထွက်ပေါ်လာသည်။

"မင်းက ရေနံချောင်းဇာတိနော်"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏အမေးကို နန်းကိန္နရီ ခေါင်းညိတ်ပြသည်။

"ရေနံချောင်း ဘယ်ဆီကလဲကွယ့်"

"ရှင်"

"ဩော်၊ ဘယ်ရပ်ကွက်ကလဲလို့ မေးတာပါ"

"ရွာသစ်ရပ်ကွက်ကပါရှင်"

"မိဘတွေကကော"

"အရီ့မှာ အမေမရှိတော့ပါဘူးရှင်။ အရီငယ်ငယ်ကတည်းက ဆုံးပါတယ်။ အဖေတော့ရှိပါသေးတယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မသိမသာ သက်ပြင်းရှိုက်လိုက်သည်။

သူကြားလိုသောအဖြေနှင့် ကြားလိုက်ရသောစကားတို့ အမြီးအမောက်မတည့်ပုံကို တွေးမိကာ သက်ပြင်းရှိုက်မိခြင်းဖြစ်သည်။

စင်စစ် ဒေါ်ရေနံ့သာခင်ခင်ကြီး ကြားလိုလျက်ရှိသော အဖြေစကားမှာ ယင်းသို့မဟုတ်ခဲ့။ နန်းကိန္နရီအား တကူးတက ခေါ်ယူတွေ့ဆုံမိခြင်းမှာ အကြောင်းမဲ့မဟုတ်။ ရည်မှန်းချက်ရှိသည်။ စကားတစ်ခွန်းတလေ ဆက်စပ်၍ရလေမလားအထင်နှင့် ခေါ်ယူမေးစမ်းခဲ့ခြင်းဖြစ်သည်။

သူ ကြားလိုသောအဖြေစကားမှာ နန်းကိန္နရီတွင် မိဘမရှိတော့၊ လူတစ်ဦးက မွေးစားခဲ့သည်။ ထိုမှ အငြိမ့်မင်းသမီးဖြစ်ခဲ့သည်ဟူသော စကားမျိုးဖြစ်သည်။ အကယ်၍ ယင်းသို့သာ ဖြေကြားလာခဲ့ပါလျှင် ဒေါ်ရေနံ့သာခင်ခင်ကြီးအနေနှင့် အဆက်အစပ်မြောက်မြားစွာကို ရှာမိမည်ဖြစ်သည်။ နောက်ဆုံး နန်းကိန္နရီဟူသည် မိမိ၏ ပျောက်ဆုံးနေလေသော သမီးငယ်ပါကလားဟု ယုံကြည်ထင်မှတ်နိုင်သည်အထိ ဆက်စပ်ပစ်လိုက်ချင်သည်။

ယခုမူ မိမိ၏ဆန္ဒမှာ ဆန္ဒသာလျှင်ဖြစ်သည်။ တကယ်တမ်းဖြစ်မလာနိုင်သည်ကိုတွက်မိကာ စိတ်မှာ မချင့်မရဲကြီးဖြစ်နေမိသည်။

"အငြိမ့်ကတာ အတော်ကြာပြီလားဟင်"

စကားအစရှာ၍မေးသည်။

"သုံးနှစ်ရှိပါပြီ"

"ရေနံချောင်းက ထွက်လာခဲ့တာကော"

"ကြာပါပြီ"

"ဒါထက် စောစောက လူပြက်တွေပြောတဲ့စကားထဲမှာ နန်းကိန္နရီဟာ သဘင်မျိုးရိုးမဟုတ်ဘူးလို့ ကြားလိုက်ရတယ်။ အမှန်ပဲလား"

"အမှန်ပါပဲ အစ်မကြီး။ အငြိမ့်မကခင်က ကျောင်းကပွဲတွေ ဘာတွေမှာ ဝင်ကခဲ့ဖူးပါတယ်။ အငြိမ့်ပညာကိုတော့ ရန်ကုန်ရောက်မှ တတ်တာပါ"

"ဘယ်နှတန်းလောက်အထိ ပညာသင်ဖူးသလဲ နန်းကိန္နရီ"

"အရီ ဆယ်တန်းအောင်ပြီးပါပြီ"

"ဩော်၊ ဒီလောက်အတန်းရပြီးမှ အငြိမ့်ကတယ်ဆိုတော့ ဒီအလုပ်ကို မြတ်နိုးလို့ပေါ့နော်။ အဲ ... အဲ အနုပညာကို ဝါသနာပါလို့ဆိုပါတော့ ဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

"အငြိမ့်ကနေတာကော ပျော်ရဲ့လားဟင်"

သည်အမေးကိုမူ နန်းကိန္နရီ ရုတ်တရက် အဖြေမပေး။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာကို အကဲခတ်သလို ကြည့်သည်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီး ပြုံးပြလိုက်ရသည်။

"သိပ်စပ်စုရာများ ကျနေပြီလားကွယ်"

"ကိစ္စမရှိပါဘူး အစ်မကြီး။ အမှန်ပြောရရင်တော့ အငြိမ့်ကရတဲ့အလုပ်ဆိုတာ မလွယ်လှပါဘူး။ ပင်ပန်းပါတယ်။ အခုလို မွေးနေ့တို့ ဘာတို့ဆိုရင်တော်သေးတာပေါ့။ နယ်ထွက်ပြီး ရုံပွဲတွေဘာတွေ ကရပြီဆိုရင် ဒီထက်သုံးဆလောက် ပင်ပန်းပါတယ်။ ပင်ပန်းတာထက် အစားအသောက် အနေအထိုင် အင်မတန်ဆင်းရဲပါတယ်"

"ဒါဖြင့် ဒီအလုပ်ကို မလွှဲသာလို့ လုပ်နေရတာပေါ့ ဟုတ်လား"

"ဒီလိုလည်း မဟုတ်ပါဘူးရှင်။ ဝါသနာကလည်း တစ်ကြောင်း၊ အခြေအနေအရပ်ရပ်ကလည်း တစ်ကြောင်းကြောင့်ပါ"

ဒေါ်ရေနံ့သာခင်ခင်ကြီး နန်းကိန္နရီ၏စကားကို ပိုမိုစိတ်ဝင်စားလာဟန်ရှိသည်။

"အခြေအနေ အရပ်ရပ်ဆိုတာက ဘာကိုဆိုလိုတာလဲကွယ်"

"ဒါကို ပြောရရင်တော့ တစ်ညလုံးထိုင်ပြောတောင် ကုန်မယ်မဟုတ်ပါဘူးရှင်။ လူဆိုတာ အပူနဲ့ကင်းကြတာမှ မဟုတ်ဘဲကလား။ အဓိကကတော့ ကိုယ်တိုင်ရဲ့ ဒုက္ခ သုက္ခနဲ့ ကိုယ့်ပတ်ဝန်းကျင်ရဲ့အခြေအနေပေါ်မှာ မူတည်စခန်းသွားရတာမျိုးပါ"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီကို မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်နေသည်။ အမျိုးသမီးငယ်သည် ဗလာထဘီကို ရိုးရိုးထဘီနှင့် လဲလှယ်ဝတ်ဆင်ရုံမှအပ အခြားအဝတ်အစားများကို မလဲလှယ်ရသေး။ ထိုင်မသိမ်းနှင့် ရင်စည်းအင်္ကျီနှင့်ပင်။ ဆံယဉ်စနှင့် ဆံမြိတ်ထုံးနှင့်ပင်။ နန်းကိန္နရီ၏မျက်နှာတွင် မိတ်ကပ်ရှိနေဆဲ။ နှုတ်ခမ်းနီ ဆိုးထားဆဲ။ ယင်းအရာများကြောင့် မျက်နှာ၏အလှမှာ ပို၍တောက်ပသည်။ ပို၍ပုံပေါ်သည်။ လည်တိုင်မှာ ကြော့ရှင်းသည်။ ပုလဲသွယ်ဖြင့် လည်တိုင်အလှကို ဖြည့်စွက်ထားသည်။ ရင်စည်းအင်္ကျီ၏ စည်းနှောင်ခြင်းမှကင်းလွတ်နေသော ရင်ညွန့်သားကလေးမှာ ..."**

# ၂၀၂၂ အာရှ စနူကာချန်ပီယံရှစ်ပြိုင်ပွဲတွင် အောင်ဖြိုး ပူးတွဲတတိယဆုရ

**နေပြည်တော် မတ် ၁၆**

၂၀၂၂ အာရှ စနူကာချန်ပီယံရှစ်ပြိုင်ပွဲကို မတ် ၁၂ ရက်မှ ၁၆ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ပြုလုပ်ရာ မြန်မာစနူကာကစားသမား အောင်ဖြိုး ပူးတွဲတတိယဆုရရှိခဲ့သည်။

အောင်ဖြိုးသည် အာရှစနူကာပြိုင်ပွဲတစ်လျှောက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုံး တတိယဆုရရှိသည့် မြန်မာကစားသမားဖြစ်လာသည်။ အောင်ဖြိုးသည် အုပ်စုပွဲစဉ်များတွင် နှစ်ပွဲနိုင် တစ်ပွဲရှုံးဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ပြီး ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ထိုင်းကစားသမားကို အနိုင်ကစားနိုင်ခဲ့သည်။ အောင်ဖြိုးသည် ၃၂ ဦး ရှုံးထွက်အဆင့်တွင် အလီဟူစိန် (အီရတ်) ကို ၄-၁ ပွဲ၊ ၁၆ ဦး ရှုံးထွက်အဆင့်တွင် အလီ (အီရန်) ကို ၄-၀ ပွဲ၊ ကွာတားဖိုင်နယ်တွင် အာလိုဘိုင်ဒလီ (ကာတာ) ကို ၄-၃ ပွဲဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်တွင် ချာဒါဟာ (အိန္ဒိယ) ကို ၅-၁ ပွဲဖြင့် အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ မြန်မာစနူကာကစားသမား အောင်ဖြိုးနှင့်အတူ ယှဉ်ပြိုင်ခဲ့သည့် ဝင်းကိုကိုမှာမူ ၁၆ ဦး ရှုံးထွက်အဆင့်မှ ထွက်ခဲ့ရသည်။

ယင်းကစားသမားနှစ်ဦးသည် ယခုပြိုင်ပွဲမတိုင်မီ ကာတာနိုင်ငံ၌ပင်ကျင်းပသည့် ၂၀၂၂ ကမ္ဘာ့စနူကာပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အာရှစနူကာချန်ပီယံရှစ်ပြိုင်ပွဲအပြီးတွင် အာရှ ဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲ ဆက်လက်ကျင်းပလျက်ရှိပြီး မြန်မာဘိလိယက်ကစားသမား သုံးဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ- Asian Confederation of Billiard Sports**

ပူးတွဲတတိယဆုရ အောင်ဖြိုးအား အခြားဆုရရှိသူများနှင့်အတူ တွေ့ရစဉ်။



■ **ထိုင်းဖိတ်ခေါ်မှု**

တစ်ဂိုးမှာမူ မွန်ဂိုလီးယားအသင်းက ကိုယ့်ဂိုး ကိုယ်သွင်းယူမိခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းအတွက် ဂိုးများကို ချမ်းသာနှင့် ခင်ဇော်လင်းတို့က ထပ်မံသွင်းယူခဲ့သည်။ ယခုပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းမှ မျိုးမြင့်စိုးက ရရှိခဲ့သည်။

အုပ်စု (ခ) တွင် အီရန်၊ မြန်မာနှင့် မွန်ဂိုလီးယားတို့ပါဝင်ပြီး အီရန်နှင့် မြန်မာအသင်းမှာမူ တစ်ပွဲစီအနိုင်ရကာ ထိပ်တိုက်မတွေ့ဆုံမီ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မတ် ၁၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

○ **အက်သလက်တီကိုမက်ဒရစ်အသင်းမှ**

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ အက်သလက်တီကို မက်ဒရစ်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းဟာ ပထမပိုင်းပွဲကစားချိန် ၄၁ မိနစ်မှာ အက်သလက်တီကိုမက်ဒရစ်ကစားသမား လိုဒီဒွေါဆန်းတို့စ်ရဲ့ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရပြီး ဒုတိယပိုင်းမှာ ချေပဂိုးပြန်လည်ရရှိမယ့်အခွင့်အရေးတွေ ရရှိခဲ့ပေမယ့် အက်သလက်တီကိုမက်ဒရစ်ဂိုးသမား ဂျန်အောဘလက်ရဲ့ ဂိုးပေါက်ကာကွယ်နိုင်မှုတွေကြောင့် အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အိမ်ကွင်းမှာ ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ တစ်ဖက်-တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက မန်ယူအသင်းကို နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

မန်ယူအသင်းဟာ ပြီးခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ စပါးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အဆင့် (၄) စာရင်းဝင်ခဲ့တာကြောင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ တက်ကြွမှုတွေရှိခဲ့ပေမယ့် အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ချန်ပီယံလိဂ်ပွဲစဉ်မကစားမီ ပရီမီယာလိဂ် အဆင့် (၄) နေရာကနေ ဆင်းပေးခဲ့ရပါတယ်။

ယခုတစ်ဖန် အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းကို ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရတာကြောင့် မန်ယူအသင်းဟာ လာမယ့်ဘောလုံးရာသီ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိရေးအတွက် လက်ကျန်ပရီမီယာလိဂ်ပွဲစဉ်တွေမှာ ရုန်းကန်ရဦးမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

## စံပြကွက် ဧက ၁၀၀ စိုက်ပျိုးမည့် တောင်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲ ကျင်းပ

**ရွှေဘို မတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ရှင်ယွန်းစံခန်းမ၌ တိုင်းဒေသကြီး အစီအစဉ်ဖြင့် နွေစပါး တင်း ၁၂၀ ထွက်ရှိရေး စံပြကွက် ဧက ၁၀၀ စိုက်ပျိုးမည့် တောင်သူများအား ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ တွင် ကျင်းပသည်။



**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ရွှေဘို ခရိုင်ဦးစီးမှူး ဦးတင်မောင်ဆွေက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နွေစပါးတင်း ၁၂၀ ထွက်ရှိရေး စံပြကွက် ဧက ၁၀၀ စိုက်ပျိုးမည့် တောင်သူ ၂၅ ဦး တို့အား ကွန်ပေါင်းဓာတ်မြေဩဇာ အိတ် ၁၀၀ တို့ကို ခရိုင်ဦးစီးမှူး ဦးတင်မောင်ဆွေ၊ မြို့နယ်ဦးစီးမှူး ဒေါ်ဇာဇာမင်းနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

**အေးမြသက်ထား**

**ပွဲရုံအဆောက်အအုံအမြန်ရောင်းမည်**

အင်းစိန်မြို့နယ်၊ တညင်းကုန်းလက္ကားဈေးကြီး(တညင်းကုန်း သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမာန်လက္ကားဈေးကြီး)၊ ရွှေပြည်သာတံတားလမ်းနှင့်ပုလဲလမ်းထောင့်၊ အပြင်တန်း ပေ(၄၀'x၆၀')ရှိ လေးထပ်ခွဲအဆောက်အအုံ၊ ဓာတ်လှေကားပါ။ အတွင်းတန်း (၃)ထပ်ခွဲ၊ တစ်ခြမ်းရောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

**နှစ်ထပ်တိုက်သစ်**
**အထူးလျှော့ဈေးနှုန်းဖြင့်အမြန်ရောင်းမည်။**

ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင်၊ ပတ္တမြားဈေးအနီး၊ ထော်ပိုင်လမ်း၊ (၂၀'×၆၀' ပါမစ်ဂရန်မြေ)၊ နှစ်ထပ်အာစီ၊ အာစီမိုး၊ အောက်(၂)ခန်း၊ အပေါ်(၂)ခန်း၊ လျှပ်စစ်မီးမီတာနှင့် စပ်မီတာ(၄)လုံးပါရှိ၊ ဂျိုးဖြူရေ၊ အဝီစိရေ၊ ဈေးနှုန်း(၇၅၀)သိန်း အလျှော့အတင်းရှိ။

စုံစမ်းရန်-ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

**မြေကွက်များအမြန်ရောင်းမည်**

၁။ (၁၀၀'×၁၀၀')ပေ ရေ မီး၊ စုံ၊ အုတ်တံတိုင်းခတ်ပြီး သံပန်း၊ သံတံခါးကာရံပြီး၊ မန္တလေး-လားရှိုးလမ်းမကြီး၊ မေးတင်(အဆင်းလမ်း)

၂။ မန္တလေး-လားရှိုးလမ်းမကြီး(အတက်လမ်း)၊ စက္ကန့်ပိုင်းမျှဝင်ရ။
(၁၀၀'×၁၀၀')ပေ ပတ်လည် (၁)ကွက်
(၆၀'×၁၅၀')ပေ ၊ (၀)ကွက်နှင့် (၅၀'×၈၀')ပေ၊ (၁)ကွက်
ရွှေဝါရောင်လမ်း၊ အောင်ချမ်းသာကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၅၀၀၀၆၇၃၊ ၀၉-၄၂၈၆၂၄၃၆၃

**အများသိစေရန် ကြော်ငြာခြင်း**

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကြွယ်[၁၂/ကမတ(နိုင်)၀၀၇၉၉၃]သည် ဦးသန်းရွှေ [၁၂/ကမတ(နိုင်)၀၀၇၀၇၅]နှင့် တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သည်မှာ ၁၉၇၆ ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့မှစ၍ ယနေ့တိုင် ဖြစ်ပါသည်။ ပေါင်းသင်းစဉ် သား မောင်မျိုးသန်းဦးနှင့် သမီး မမျိုးပပကြွယ်တို့ ထွန်းကားခဲ့ပါသည်။ ဒေါ်ကြွယ်နှင့် ဦးသန်းရွှေတို့၏ နှစ်ဦးပိုင် ပစ္စည်းများအနက် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ် (၅)ရှိ (၆)လွှာ ခေါင်းရင်းခန်းအား သားဖြစ်သူ မောင်မျိုးသန်းဦး[၁၂/ကမတ(နိုင်)၀၅၃၅၀၀]ကို မင်္ဂလာလက်ဖွဲ့အဖြစ် လူကြီးစုံရာရှေ့မှောက်တွင် ပေးအပ်ခဲ့ပြီးဖြစ်သည့်အပြင် ၎င်းလိပ်စာရှိ (၆)လွှာ ခြေရင်းခန်းကိုလည်း သမီးဖြစ်သူ မမျိုးပပကြွယ်[၁၂/ကမတ(နိုင်)၀၆၂၈၆၃]သို့ မေတ္တာဖြင့် တရားဝင် ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြွယ်နှင့် ဦးသန်းရွှေ လင်မယားနှစ်ဦး ပိုင်ဆိုင်သည့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ် (၅) ရှိ မြေနှင့် ၎င်းမြေပေါ်ရှိ မြေညီခေါင်းရင်းတိုက်ခန်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုလည်း ဒေါ်ကြွယ်၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးအပ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း စသည်တို့ကို မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ ထို့ကြောင့် ဒေါ်ကြွယ်၏ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ကြွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာဋ္ဌေး (တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၆၃၂၉/၅-၁၂-၂၀၁၉)**
**LL.B,Dip in Business Law, CBL, WIPO (Switzerland)**
**အမှတ်(၁)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၃၃၇၉၊ ၀၉-၄၂၀၀၉၅၂၂၀၊ ၀၁-၇၅၀၈၆၂၂**

**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်**
**(MSF)Myanmar Seafarers Federation**
**အမှားပြင်ဆင်ချက်**

(၁၆-၃-၂၀၂၂)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)၊ ကော်လံ(၂) တွင်ဖော်ပြပါရှိသည့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၏ "နာယကအဖွဲ့ ဖွဲ့စည်းခြင်းနှင့် နာယကအမည်များ ထုတ်ပြန်ခြင်း" ကြော်ငြာတွင် အမှတ်စဉ်(၁) **ဦးစောထွန်းအောင်မြင့်** (အမည်မှန်အား) **ဦးစောထွန်းမြင့်အောင်**ဟု မှားယွင်းစွာ ကြော်ငြာခဲ့မိသည့်အတွက် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် အလုပ်အမှုဆောင်များမှ တောင်းပန်အပ်ပါသည်။

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၈)လမ်း၊ အမှတ်-(၁၀၂/၂)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ အကျယ်အဝန်း(၁၅ပေx၅၅ပေ)ရှိ (အေ/တတိယထပ်) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား မြေရှင်ဖြစ်သူ မိခင်မှ လွှဲပြောင်းပေးအပ်ခြင်းကို ကျန်သားသမီး/မြေးများပါ လက်မှတ်ရေးထိုးပေးထားသော "အမွေလွှဲပြောင်းပေးခြင်းစာချုပ်"ဖြင့် လက်ခံရရှိထားပြီး လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်အောင်[၁၂/ဥကတ(နိုင်)၁၃၄၆၅၆]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာဋ္ဌေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၄၇)**
**အမှတ်-(၅၅၂/က)၊ အင်ကြင်းလမ်း၊ (၂၂)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၈၀၀၀၇၀**

**"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၅)လမ်း၊ အမှတ်(၁၂၆)နေ ဒေါ်ဖြူဖြူခိုင်[၁၂/လမတ(နိုင်)၀၀၇၈၇၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သဃ်ာန်း ကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၇)၊ (၆)လွှာ(ခေါင်းရင်းခန်း)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၂ပေx၅၀ပေ)ရှိ တိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသော ဦးအောင်မျိုးဆွေ[၁၂/သဃက(နိုင်)၀၀၆၂၃၀]ပါ (၄)ဦးတို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ သို့အတွက် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမော်(LL.B,D.B.L,WIPO) ဒေါ်အိအိခိုင်(LL.B) ဒေါ်စီစီဝင်း(LL.B)**
**(စဉ်-၇၆၀၇) (စဉ်-၁၆၀၇၅) (စဉ်-၂၂၇၃၆)**
**(တရားလွှတ်တော်ရှေ့နေများ) အထက်တန်းရှေ့နေ**
**အမှတ်(၄၉)၊ အခန်း(၅)၊ လမ်း(၄၀)(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။**
**Star Flower Law Firm Ph:09-250326644, 09-254405798**




## မန္တလေးအသင်း(ရန်ကုန်)
## သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေး
## ဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ(၄၄)ကြိမ်မြောက် (၂၀၂၀)နှင့် (၄၅)ကြိမ်မြောက် (၂၀၂၁)နှစ်ပတ်လည်အစည်းအဝေးများကို အောက်ဖော်ပြပါအတိုင်း (Zoom Meeting) ဖြင့် (Online)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် "သက်ကြီးပူဇော်ပွဲ"အတွက် အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင် အဘိုး/အဘွားများနှင့် အသင်းဝင်များ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ | - | (၂၀-၃-၂၀၂၂)(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက်(၉)နာရီတိတိ |
| ကျင်းပမည့်အစီအစဉ် | - | **ပထမပိုင်း** |
| | | သက်ကြီးပူဇော်ပွဲ ကျင်းပခြင်း |
| | | **ဒုတိယပိုင်း** |
| | | (၄၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး |
| | | **တတိယပိုင်း** |
| | | (၄၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပခြင်း |

Zoom Meeting

ID - 2719762776

Password - Twm 222222

(၂၀၁၉-၂၀၂၀) ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင်များ၏ သားသမီးများ အထောက်အထားများဖြင့် အသင်းရုံးသို့ ဆက်သွယ်သတင်းပေးကြရန်ဖြစ်ပြီး၊ စေတနာရှင်၊ အလှူရှင်များ အမှတ်(၆၂၈/၆၃၂)၊ ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ မန္တလေးအသင်းတိုက် ဖုန်း-၀၁-၈၃၈၈၆၀၃၊ ၀၁-၈၃၇၅၅၉၄ နှင့် ဦးကျော်စံ(ဥက္ကဋ္ဌ) ဖုန်း- ၀၉-၅၁၂၂၂၁၅၊ ဒေါ်ခင်ဥမ္မာအောင်(ဘဏ္ဍာရေးမှူး) ၀၉-၅၄၁၃၅၈၆၊ ဦးခင်မောင်ညွန့်(အမှုဆောင်) ၀၉-၄၄၀၉၉၉၄၄၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့-မန္တလေးအသင်း(ရန်ကုန်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်နေဝင်းလှိုင် [၁၂/ကတတ(နိုင်)၀၂၂၉၅၉] သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ ဖခင်အား နည်းမျိုးစုံဖြင့် စော်ကားခြင်း ရိုင်းပျသည့်အပြုအမူများပြုလုပ်ကြောင်း မျက်မြင်ကိုယ်တွေ့ သိရှိနေရသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းသည် မည်သည့် အမွေဆက်ခံခွင့်၊ အခွင့်အရေးမျှ ရခွင့်မရှိကြောင်း၊ ၎င်းနှင့် ပတ်သက်သမျှကိုလည်း လုံးဝတာဝန်မယူတော့ကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

**ဦးလှစိုး [၁၂/ကတတ(နိုင်)၀၂၂၁၂၃]**
**အမှတ်(၈၇) ၅လွှာ၊ အနော်ရထာလမ်း**
**(၇) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "အများသိစေရန်"

ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာကြူကြူမွေး[၁၂/စခန(နိုင်)၀၂၃၀၂၂]၊ အဖ-ဦးရှိန်၊ အမှတ်(၃၂)၊ ကြံခင်းလမ်း၊ လင်းလွန်းမြောက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေသည် ဆေးပညာဒေါက်တာဘွဲ့ရရှိပြီး (၁၉၉၂-၉၃)ခုနှစ်နောက်ပိုင်းမှစ၍ အထွေထွေရောဂါကုဆရာဝန်အဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မိမိကိုယ်စွမ်းဉာဏ်စွမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ပြီး ယနေ့အချိန်ထိ တစ်ကိုယ်တည်းရှာဖွေလုပ်ကိုင် စားသောက်လျက်ရှိနေသည်ဟု ညွှန်ကြားသိရှိရသည်။

ထိုသို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်မညီသည့် မည်သည့်လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းမရှိသကဲ့သို့ မည်သည့်တရားမဝင်အဖွဲ့အစည်းများနှင့်မှလည်း ပတ်သက်ဆက်နွယ်ခြင်းမရှိသကဲ့သို့ မိခင်ဖြစ်သူ ရောဂါသည်ကြီးအား လုပ်ကျွေးပြုစုစောင့်ရှောက်နေထိုင်ရင်း ယနေ့အထိ စနစ်တကျ ရှာဖွေစုဆောင်းကာ အောက်ပါမရွှေ့မပြောင်းနိုင်သောပစ္စည်းများကို မိမိ၏ချွေးနည်းစာဖြင့် ၁၉၉၂-၉၃ ခုနှစ်မှစ၍ စတင်ဝယ်ယူစုဆောင်းပိုင်ဆိုင်ခဲ့သည်ဟု ညွှန်ကြားသိရှိရသည်။

(က) ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပတ္တမြားတောင်၊ မြေကွက်အမှတ်(၁၀၄)ဟုခေါ်တွင်သော အမှတ်-၁၀၄၊ စိန်သပြေလမ်း၊ မင်္ဂလာဒုံမြို့နယ်ရှိ အလျား(၃၀)ပေxအနံ(၅၀)ပေ၊ ဧရိယာ(၀.၀၃၄)ဧကရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ ဒေါ်ကြူကြူမွေး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ရရှိပြီး အိမ်၊ ခြံ၊ မြေကွက်နှင့် ၎င်းမြေကွက်နှင့်ဆက်စပ်လျက်ရှိသည့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ခ) ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈(D)၊ မြေကွက်အမှတ်-၁၇၊ ဧရိယာ(၀.၀၂၉)ဧကရှိ ဒေါက်တာကြူကြူမွေး အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်လျက်ရှိသော မြေကွက်နှင့် မြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဂ) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ မြေကွက်အမှတ်-U9၊ ၄၈/၃၈၆ အကျယ်အဝန်း၊ အလျား ၆၀ ပေxအနံ ၈၀ ပေရှိ ဒေါ်မြင့်မြင့်သိန်း အမည်ပေါက် မြေချပါမစ်ရရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိဆောက်လုပ်ထားသော အဆောက်အဦများအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဃ) ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ကုန်းတလဘောင်၊ ဦးပိုင်အမှတ်-NJ၊ ကွင်းအမှတ်-၅၃၀ စီ၊ အလျား (၁၇၆)ပေxအနံ (၁၇၅) ပေ အကျယ်အဝန်းရှိ ဦးထွန်းမောင် အမည်ပေါက် ၀.၅၈ ဧကရှိ ဥယျာဉ်ခြံမြေနှင့် ဆက်စပ်လျက်ရှိသော မြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာကြူကြူမွေးမှ အခြားမည်သူတစ်ဦးတစ်ယောက်ထံသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်လှူဒါန်းပေးကမ်းခြင်း၊ တစ်စိတ်တစ်ဒေသ ခွဲဝေပေးထားခြင်း၊ အခြားတစ်ပါးသို့ အာမခံဖြင့်တင်သွင်းထားခြင်း လုံးဝမရှိသည့်အပြင် မည်သူ့ထံမှ အပေးစာချုပ်ချုပ်ဆိုပေးကမ်းထားခြင်းလည်းမရှိဘဲ၊ ယနေ့အချိန်ထိ မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိပါသည်။ ထို့အပြင် အလုံးစုံလည်း မိမိတစ်ဦးတည်းသာလျှင် စီမံခန့်ခွဲပိုင်ခွင့်လည်းရှိသည်ဟု ညွှန်ကြားသိရှိရသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာကြူကြူမွေး သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်လှူဒါန်းပေးကမ်းခြင်း၊ စွက်ဖက်ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရယူခြင်း၊ ကိုယ်ကျိုးသုံးစွဲခြင်းများ လုံးဝ(လုံးဝ)ပြုလုပ်ခွင့်မရှိကြောင်းနှင့် ထိုသို့ပြုမူ ဆောင်ရွက်သည့် မည်သူ့ကိုမဆို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**စည်သူအံ့ဘွယ်(LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၅၃)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၈၉၅၅၀၃၃၃၅**

## အမှားပြင်ဆင်ချက်

(၅-၃-၂၀၂၂) ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၄)ပါ ကန့်ကွက်နိုင်ကြောင်း ကြေညာစာတွင်ပါရှိသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ် (၅၀၇)၊ ပေ(၄၀x၆၀)၊ ဧရိယာ (၀.၀၅၅) ဧက၊ (၂၄၀၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၀၈)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် မြေနှင့်အိမ်အစား ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၅၀၈)၊ ပေ(၄၀x၆၀) ဧရိယာ (၀.၀၅၅ဧက)၊ (၂၄၀၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၀၈)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်ဟု ပြင်ဆင်ဖတ်ရှုပါရန် အသိပေးအပ်ပါသည်။

| | |
|---|---|
| **ဒေါ်အိသီရိကြူ** | **ဒေါ်ဝတ်ရည်ထွန်း** |
| **LL.B,M.A (Business Law)** | **LL.B,LL.M** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၉၈)** |
| **ဖုန်း-၀၉- ၄၃၁၆၃၄၀၅၊** | **ဖုန်း-၀၉-၅၃၀၂၃၂၈** |

## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ (၂)ရပ်ကွက်၊ သမစိတ္တလမ်း၊ အမှတ်(၈၁)နေ အဖ ဦးတင်မြင့် [၇/ညလပ(နိုင်)၀၉၀၂၉၆]နှင့် အမိ (ဒေါ်စောတင်) [၇/ညလပ(နိုင်)၀၉၀၂၉၄]တို့၏သား ဦးဇော်မင်းလတ် [၇/ညလပ(နိုင်)၀၉၃၃၆၀]သည် မိဘများ၏ ဆိုဆုံးမမှုအား နာခံမှု မရှိသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား မိဘများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးတင်မြင့်၏** | **ဦးပြည်သာကျော်မီ (တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၈၃၅** |
| **လွှဲအပ်ညွှန်ကြားချက်အရ-** | **အမှတ် (၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၄၂၁၀၄၇၄၀၄** |

## "ဒေါက်တာကြူကြူမွေး[၁၂/စခန(နိုင်)၀၂၃၀၂၂]အား ကိုယ်စိတ်ဂုဏ်အသရေထိခိုက်နစ်နာစေရန် ပြုလုပ်နေသူများနှင့် အများသိစေရန်"

ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာကြူကြူမွေး[၁၂/စခန(နိုင်)၀၂၃၀၂၂]၊ အဖ-ဦးရှိန်၊ အမှတ်(၃၂)၊ ကြံခင်းလမ်း၊ လင်းလွန်းမြောက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေသည် ဆေးပညာဒေါက်တာဘွဲ့ရရှိပြီး (၁၉၉၂-၉၃) ခုနှစ် နောက်ပိုင်းမှစ၍ အထွေထွေရောဂါကုဆရာဝန်အဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မိမိကိုယ်စွမ်းဉာဏ်စွမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ပြီး ယနေ့အချိန်ထိ တစ်ကိုယ်တည်း ရှာဖွေလုပ်ကိုင်စားသောက်လျက်ရှိပြီး ဥပဒေနှင့်မညီသည့် မည်သည့်လုပ်ငန်းကိုမျှ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းမရှိသကဲ့သို့ မည်သည့်တရားမဝင်အဖွဲ့အစည်းများနှင့်မှလည်း ပတ်သက်ဆက်နွယ်ခြင်းမရှိသကဲ့သို့ အသက်(၈၇)နှစ်ရှိသူ မိခင်ဖြစ်သူအား လုပ်ကျွေးပြုစုစောင့်ရှောက်နေထိုင်ရင်း ယနေ့အထိ ရိုးသားကြိုးစားစွာဖြင့် နေထိုင်လာသူတစ်ဦးဖြစ်ကြောင်း ညွှန်ကြားသိရှိရသည်။

ထိုသို့ ကောင်းမွန်စွာနေထိုင်ရှာဖွေလျက်ရှိရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာကြူကြူမွေးအားလည်းကောင်း၊ ဒေါက်တာကြူကြူမွေး၏ ကျန်းမာရေးမကောင်းသည့် မိခင်ဖြစ်သူအား ပြုစုစောင့်ရှောက်ကူညီဆောင်ရွက်ပေးနေသူများကိုလည်းကောင်း၊ ကိုယ်စိတ်ဂုဏ်အသရေအား ထိခိုက်နစ်နာစေလိုသူများမှ နေအိမ်အထိလာရောက်၍ ကျွန်ုပ်၏မိတ်ဆွေအား ကောင်းမွန်စွာနေထိုင်လျက်ရှိသည်ကို သိလျက်နှင့်တမင် မဟုတ်မမှန်စွပ်စွဲပြောဆိုကာ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ မဟုတ်မမှန် တိုင်တန်း၍ အရေးယူခံရမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ခြိမ်းခြောက်ခြင်းများ၊ မိမိအလိုအလျောက် အခြားနေရာသို့သွားရောက်နေထိုင်ခြင်းအပေါ် သိလျက်နှင့် ရဲစခန်းသို့လူပျောက်တိုင်မည်ဟု ခြိမ်းခြောက်ခြင်း၊ မိမိပိုင်ဆိုင်သည့်ပစ္စည်းများနှင့်ပတ်သက်၍လည်း မိမိအနီးအနားရှိလူများနှင့် ရန်ညှိုးရန်စဖြစ်စေရန် လှည့်ဖျားကုန်းတိုက်သွားပုပ် လေလွင့်ပြောဆိုခြင်းများ အချင်းချင်းသွေးစည်းညီညွတ်မှု ပျက်ပြားစေလိုသောအကြံဖြင့် အကြိမ်ကြိမ်နှောင့်ယှက်ဖျက်ဆီးခြင်းများလည်းရှိကြောင်း ညွှန်ကြားသိရှိရသည်။

ထို့အပြင် ယခင်ကတည်းက အကြိမ်ကြိမ်ထိုသို့ပြုလုပ်ဆောင်ရွက်ခြိမ်းခြောက်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည့်အပြင် ယခုအချိန်အထိ အကြိမ်ကြိမ် အသက်အန္တရာယ်ကိုပင် ခြိမ်းခြောက်ပြောဆိုမှုများ မကြားဝံ့မနာသာပြောဆိုစော်ကားမှုများရှိနေသည်ဟု ညွှန်ကြားသိရှိရသည်။ သို့သော် ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာကြူကြူမွေးသည် မိခင်ဖြစ်သူ၏ ကျန်းမာရေးအခြေအနေကို ထောက်ရှု၍ ယနေ့အချိန်ထိ ကိုယ်စိတ်ဂုဏ်အသရေထိခိုက်နစ်နာစေသည့် ကိစ္စရပ်များကို သည်းခံခွင့်လွှတ်နိုင်သော်လည်း ဤကြော်ငြာပါသည့်နေ့မှစ၍ နောက်ပိုင်း ထိုသို့ ထပ်မံဖြစ်ပွားလာပါက ပြုမူဆောင်ရွက်သူမည်သူ့ကိုမဆို သည်းခံခွင့်လွှတ်မည်မဟုတ်ဘဲ၊ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများထံ တင်ပြတိုင်တန်း၍လည်းကောင်း၊ တန်ပြန်တရားစွဲအရေးယူဆောင်ရွက်မှုများ ချက်ချင်းပြုလုပ်မည်ဖြစ်ကြောင်း ဒေါက်တာကြူကြူမွေးအား ကိုယ်စိတ်ဂုဏ်အသရေ ထိခိုက်နစ်နာစေသူများနှင့် ပတ်သက်ဆက်နွယ်သူများအားလုံးသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**စည်သူအံ့ဘွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၅၃)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၈၉၅၅၀၃၃၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့မှ (၈-၉-၁၉၆၉)ရက်စွဲပါ ဦးမောင်ဌေးအမည်ဖြင့် ချထားသော အနောက်ရန်ကင်း၊ (၅)ရပ်ကွက်၊ ရန်ရှင်းလမ်း၊ အခန်း(၁၂)၊ တိုက်-၃၅၈ (ပထပ်) တိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုအဝဝမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သန်းညွန့်[၉/ပမန(နိုင်)၁၃၅၁၃၇]တစ်ဦးတည်းသာ ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာအရေးဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးအောင်သန်းညွန့်၏သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးမျိုးမောင်မောင်စိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၈၄/၂၇-၁-၂၀၁၅)**
**တိုက်(၁၇)၊ အခန်း(၁)၊ ကြို့ကုန်းရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-459919969, 09-692780969**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂+၅၃)၊ မြေကွက်အမှတ်(၅၇/ခ၂)၊ ဧရိယာ(၀.၀၄၁)ဧက၊ (၁၇၉၈စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(4F-6B)၊ နှင်းချယ်ရီ(၂)လမ်း၊ နှင်းဥယျာဉ်အိမ်ရာ၊ (က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးလှိုင်ထွန်း[၁၃/နစန(နိုင်)၀၀၁၉၆၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိသီရိကြူ LL.B,M.A(Business Law)** | **ဒေါ်ဝတ်ရည်ထွန်း (LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၉၈)** |
| **ဖုန်း-၀၉-၄၃၁၆၃၄၀၅** | **ဖုန်း-၀၉-၅၃၀၂၃၂၈** |

**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၁၄၃)၊ မြေကွက်တည်နေရာအမှတ်(၁၄၃)၊ ကျောက်စိမ်း(၂)လမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးတင်အေး [၁၂/မရက(နိုင်)၀၁၀၅၂၉] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးတင်အေး(ဖခင်)နှင့် ဒေါ်မြင့်မြင့်(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သား၊ သမီးများဖြစ်ကြသော ဦးမိုးအေး[၁၂/မရက(နိုင်)၀၁၀၅၇၈]၊ ဒေါ်သင်းသင်းအေး(ခ)ဒေါ်သီရိသဇင် [၁၂/စခန(နိုင်)၀၄၇၀၃၂]၊ ဒေါ်စန္ဒာအေး[၁၂/မရက(နိုင်)၀၁၀၅၃၀]၊ ဦးမိုးထွေး [၁၂/မရက(နိုင်)၀၁၀၅၃၃]၊ ဒေါ်ဥမ္မာအေး[၁၃/ကတန(နိုင်)၀၀၁၄၀၉]တို့အနက် ဒေါ်သင်းသင်းအေး(ခ) ဒေါ်သီရိသဇင်(ကိုယ်တိုင်)နှင့် ဦးမိုးအေး၊ ဒေါ်စန္ဒာအေး၊ ဒေါ်ဥမ္မာအေး(ကိုယ်စား General Power-၉၇၀၅/၂၀၂၁ (၂၃-၁၁-၂၀၂၁)ရရှိသူ ဒေါ်သင်းသင်းအေး(ခ)ဒေါ်သီရိသဇင်)နှင့် ဦးမိုးထွေးတို့မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ GP မူရင်း၊ မိခင်ဒေါ်မြင့်မြင့်၏သေစာရင်း၊ ဖခင် ဦးတင်အေး၏သေစာရင်း၊ ဦးမိုးအေး၊ ဒေါ်စန္ဒာအေး၊ ဒေါ်ဥမ္မာအေးတို့ သက်ရှိထင်ရှားရှိပြီး GP မရုပ်သိမ်းသေးကြောင်း ဒေါ်သင်းသင်းအေး(ခ)ဒေါ်သီရိသဇင်၏ ကျမ်းကျိန်လွှာ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သားသမီးအဖြစ် မိမိတို့မောင်နှမ(၅)ဦးသာ မွေးဖွားခဲ့ပြီး မိမိတို့ကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-အဆင့်မြင့်)၊ နဝရတ်လမ်းနှင့် ပတ္တမြားလမ်းထောင့်၊ မြေကွက်အမှတ်(၈၃၅)ဟုခေါ်တွင်သော အကျယ်အဝန်း (၅၂'x၇၀')၊ ဧရိယာ(၀.၀၈၄)ဧက၊ (၃၆၅၃)စတုရန်းပေရှိ ဦးကျော်မြင့်(YKN-၀၀၁၉၇၅)နှင့် ဒေါ်နှင်းနှင်းခိုင်(YKN-၀၀၇၉၁၉)တို့ နှစ်ဦး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်များဖြစ်သည့် ဦးကျော်မြင့်နှင့် ဒေါ်နှင်းနှင်းခိုင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် အဆိုပါမြေကွက်တန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာချုပ် စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ယခုဖော်ပြပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညွန့်ညွန့်သန်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၉)**
**အမှတ်(၃၂၀)၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**09-401526880, 09-260983331**

## "ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ Rose Park (3)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၆)၊ မြေကွက်အမှတ်(၁၀)၊ (အလျား ၈၈ ပေ x အနံ ၁၁၅ ပေ )၊ ဧရိယာ(၀.၂၃၂)ဧက၊ (၁၀၁၂၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ဆရာစံလမ်း၊ ပင်လုံအိမ်ရာအပိုင်း(၃)၊ အမှတ်(၁၁/A-2)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် အမည်ပေါက်သူ ဦးဝင်းတင် [၉/မရမ(နိုင်)၀၃၅၅၈၀]မှ KBZ Bank (တောင်ဒဂုံ)ဘဏ်ခွဲတွင် ချေးငွေရယူထားကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေပေးချေမည့်ရောင်းဖိုးငွေဖြင့် ရွေးနုတ်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပြီး အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် အဆိုပါ မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အစိတ်အပိုင်းဖြစ်သည့် (အလျား ၂၂ ပေxအနံ ၁၁၅ ပေ)ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ် (၁)လုံးအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဂရန်ခွဲလျှောက်ထားခြင်းအား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပါးပါးနီ(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၇)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၇၈၀၉၄**

## ကျေးဇူးအထူးတင်ရှိခြင်း

**U Nay Myo Zaw (51 Years)**

**Senior National Programme Officer**

**Embassy of Switzerland in Myanmar**

We cannot find the words to express the gratitude for the words of comfort, prayers and support during this time of irreparable grief on the loss of a beloved father, husband, grandson, teacher and a great leader; Nay Myo Zaw.We regret our inability to express our profound gratitude to each and everyone one of you individually.

Us, The family, Finds immense comfort in the warmth and embrace from the heartfelt words of consolation, beautiful bouquets, and the loving tributes on social media from knowing about his illness right up to the final moments.

We would like to take this opportunity to give our immense thank and gratitude to his Excellency, Mr. Tim Enderlin, The Ambassador of the Swiss Embassy. The family could not have survived this unexpected tragedy without the unstinting love, empathy and support throughout the past two months, starting from the surgical intervention on New Years Day and the consecutive two months until 1:27am on the 10th of March when he finally was released from his sufferings.

Thank you and may God Bless You All.

၁၀-၃-၂၀၂၂ရက် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားသော ဦးနေမျိုးဇော် မကျန်းမာနေချိန်ကာလများနှင့် ဘဝတစ်ပါးသို့ ပြောင်းသွားချိန်၌ ထောက်ပံ့ကူညီပေးပါသော Embassy of Switzerland in Myanmar မှ H.E Mr.Tim Enderlin နှင့် သံရုံးဌာနအသီးသီးမှ လုပ်ဖော်ကိုင်ဖက်များ Swiss Contact, Care Myanmar, GIZ, INGO နှင့် Local အဖွဲ့အစည်းများမှ လုပ်ဖော်ကိုင်ဖက်များနှင့် ဆွေမျိုးများ၊ လှူဖွယ်ပစ္စည်းများ၊ ပန်းခြင်း၊ အလှူငွေများပေးပို့ကြသော ပြည်တွင်းပြည်ပမှ ဆွေမျိုးမိတ်ဆွေများ၊ ငယ်သူငယ်ချင်းများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ E-mail , Facebook, Message တို့ဖြင့် သော်လည်းကောင်း၊ ဆုတောင်းမေတ္တာပေးပို့ကြသူများ၊ လူအားစိတ်အားဖြင့် အထူးကူညီပေးပါသော ငယ်သူငယ်ချင်း ဒေါက်တာနေလင်းအောင်(ဒိုးဒိုး)-ဒေါ်နှင်းနွယ်အေး(မနှင်း)၊ Capt ကျော်ခေါင်-ဒေါ်ချယ်ရီမင်းမင်း၊ မေတ္တာဖြင့်ကူညီပေးကြသော မမနိုင်၊ မမရင်၊ ပေါက်ပေါက်၊ Thursday (14) မှ ညီအစ်မများ၊ မေအဖွဲ့မှ ညီအစ်မများ၊ ရက်လည်ဆွမ်းကျွေးအတွက် ကူညီပေးသော The Hub Hotel မှ ဦးထင်သော်၊ ဒေါ်နှင်းနှင်းအေးလူတို့နှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရှိခဲ့သည်များ ရှိခဲ့ပါကလည်း နားလည်ခွင့်လွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးနေမျိုးဇော်**

**Senior National Programme Officer.**

**Embassy of Switzerland in Myanmar.**

ချစ်သူငယ်ချင်းဖြစ်သူ ဦးနေမျိုးဇော် Senior National Programme Officer Embassy of Switzerland in Myanmar သည် ၁၀-၃-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ပန်းလှိုင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းမျိုးမျိုး ကောင်းရာသုဂတိလားပါစေ။

**ချစ်သူငယ်ချင်းများ**
**ဦးအောင်ဖုန်းအောင်နှင့်ဇနီး**
**Capt ကျော်ခေါင်နှင့်ဇနီး**
**ဦးမိုးအောင်ဆွေနှင့်ဇနီး**
**ဒေါက်တာနေလင်းအောင်နှင့်ဇနီး**

## ဒေါ်သန်းသန်းဌေး (ခ) ဒေါ်ဘေဘီ

**ဘဏ္ဍာရေးဌာန၊ MPPE**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး အရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ် (၇၉)နေ (ဦးစိန်ပို-ဒေါ်စုစု)တို့၏ သမီး၊ (ဒေါက်တာကျော်လွင်-ဒေါ်မော်လီချစ်)၊ ဒေါ်မြမြစိမ်း၊ (ဒေါ်အေးအေး)၊ ဦးစိန်ဝင်း-ဒေါ်လှလှဇင်တို့၏ ညီမ၊ (ဦးသိန်းဟန်-ဒေါ်နွဲ့နွဲ့ယဉ်)၊ ဦးကျော်နိုင်-ဒေါ်ရှုရင်တို့ ၏ အစ်မ၊ တူ/တူမ ၁၁ ယောက်တို့၏ အဒေါ်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၁၆-၃-၂၀၂၂ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၂၂ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(သောင်ကြီး)၊ လူနေရပ်ကွက်အမှတ်(၇)၊ တေးနုယျာဉ်(၄)လမ်း၊ မြေကွက်အမှတ်(၁/၂၂၄ ခ)ဟုခေါ်တွင်သည့် အကျယ်အဝန်း (အလျားပေ ၂၀xအနံပေ ၆၀)ရှိ ဦးထွန်းကြည် အမည်ပါ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦများနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ဦးထွန်းကြည်(BQ-၀၀၀၂၃၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးအပ်ပြီးဖြစ်၍ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကိုလင်း(ကော့မှူး) LL.B,D.B.L (စဉ်-၁၃၀၇၂)**
**ဒေါ်နေခြည်ရွှန်းလဲ့ LL.B (စဉ်-၅၀၄၂၉)**
**ဦးဖြိုးသက်ဦး LL.B (စဉ်-၄၈၁၁၆)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်(၅၈/၆၀)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၀၄၀၆၅၊ ၀၉-၇၈၉၅၁၀၉၀၃**

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၁၁)၊ ပဲခူးလမ်း၊ မြေကွက်အမှတ်(၄၄/ခ)ဟုခေါ်တွင်သည့် ဦးနီတွတ်အမည်ပါ မြေချပါမစ်မြေကွက်အတွင်းမှ အကျယ်အဝန်း (အလျားပေ ၁၀xအနံပေ ၆၀)ရှိနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဦးနိုင်ဝင်း[၈/နမန(နိုင်)၁၂၄၀၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးအပ်ပြီးဖြစ်၍ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကိုလင်း(ကော့မှူး) LL.B,D.B.L (စဉ်-၁၃၀၇၂)**
**ဒေါ်နေခြည်ရွှန်းလဲ့ LL.B (စဉ်-၅၀၄၂၉)**
**ဦးဖြိုးသက်ဦးLL.B (စဉ်-၄၈၁၁၆)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်(၅၈/၆၀)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၀၄၀၆၅၊ ၀၉-၇၈၉၅၁၀၉၀၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ လူနေရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၃၄၃)၊ သခင်ဖိုးလှကြီးလမ်းဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀) ရှိ နှစ် (၆၀) ဂရန် မြေကွက်ကြီးအနက် တရားဝင်မခွဲမစိတ်ရသေးသော ပေ(၂၀x၆၀)ရှိ မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် [မြေကွက်အမှတ် (၇၈၅)နှင့်ကပ်လျက်ဂရန်မိတ္တူခြမ်း] အမည်ပေါက် ဒေါ်သန်းအေး [၁/ဗမန(နိုင်)၀၁၃၉၀၆၃] ပိုင်ဆိုင်လက်ဝယ်ထားရှိစဉ် ရောင်းချခွင့်ရှိကြောင်းနှင့် ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းကြောင်း ကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဇင်အေး**
**LL.B.,D.B.L,D.I.L,D.I.R**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀**

ဦးကျော်ဖြိုးဝေ နှင့် ၁။ ဒေါ်စီစီဝင်း
၂။ ဒေါ်သန်းသန်းဌေး
၃။ ဒေါ်အေးအေးသင်း

(တရားလို) (တရားပြိုင်များ)

အထက်ပါအမှုမှ (၁) တရားပြိုင် ဒေါ်စီစီဝင်းနှင့် (၂) တရားပြိုင် ဒေါ်သန်းသန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဝေဇယန္တာလမ်းမ၊ အမှတ်(၂၀) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆို ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇) ရက်၊ (၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီ တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ ဤ ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၁၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ယသဝတီလမ်း၊ မြေကွက်အမှတ်(၁၁၅၂/က)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဒေါ်တင်မေ(AA-၀၈၇၄၇၆)၊ အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေကွက်၊ ခြေရင်းခြမ်း(မြေပို) အကျယ်အဝန်း ပေ(၃x၆၀)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းမြ(ဘ)ဦးမောင်တင်[၁၂/ဥကတ(နိုင်)၀၆၅၇၄၄] က ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာစိုး(ဘ)ဦးခင်မောင်စိုး[၁၂/ဥကတ(နိုင်) ၀၆၉၉၅၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူမည်သူမဆို ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မေလှိုင် LL.B,D.B.L,Dip in English**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**တိုက်(၁၀/၁၂)၊ အခန်းအမှတ်(၁၀၄-ဒီ)၊ ပထမထပ်၊ (၃၅)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း


ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဘုမ္မာ(၃)လမ်း၊ အမှတ်(၆၈၆၁/၂)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၁၅x၆၀)ရှိ ဦးသွယ် အမည်ပေါက်နှစ်(၆၀)ဂရန်မြေနှင့် နေအိမ်အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလှမိုး[၁၂/ဥကမ(နိုင်)၁၀၄၁၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်နေအိမ်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီရိခေတ်[၇/ကတခ(နိုင်)၁၅၃၇၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## သင့်သွေးဖြင့် အသက်ကယ်ပါ

MOEE YESC

လေအေးပေးစက် Air Con များ၏ အပူချိန်ကို နေသာထိုင်သာရှိသည့် 24-25°C ခန့်တွင်သာ အသုံးပြုသင့်ပါသည်။



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ

ကျွန်တော်တို့ အစိုးရအနေဖြင့် ဆက်လက်ဦးစားပေး လုပ်ဆောင်မှာကတော့-

အမျိုးသားရေးလုပ်ငန်းစဉ် (၂) ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနဲ့ စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ဦးစားပေးလုပ်ဆောင်သွားမှာပဲဖြစ်တယ်။

နိုင်ငံရေးလုပ်ငန်းစဉ် (၂)ခုအဖြစ် စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်အဖြစ် ၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့နှစ်ပဲဖြစ်ပါတယ်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ် စတုတ္ထအချက်ထဲမှာလည်းဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်လို့ ၂၀၂၂ ခုနှစ် နှစ်သစ်ကူးမိန့်ခွန်းမှာ ကျွန်တော်ပြောကြားခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေးအတွက် အစဉ်အမြဲအသင့်ရှိနေကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## PDF အမည်ခံ အကြမ်းဖက်သမားများက ကန့်ဘလူမြို့နယ် (၁၁)ပေါက်ကျေးရွာအနီး မန္တလေး-မြစ်ကြီးနား ကားလမ်းမကြီးပေါ်သွားလာနေသည့် မော်တော်ယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ကာ တူမီးသေနတ်များဖြင့်ပစ်ခတ်ခဲ့သဖြင့် အမျိုးသားနှစ်ဦးသေဆုံး၊ အမျိုးသားငါးဦးနှင့် အမျိုးသမီးသုံးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် (၁၁) ပေါက်ကျေးရွာအနီး မန္တလေး- မြစ်ကြီးနား ကားလမ်းမကြီးပေါ်၌ သွားလာနေသည့် မော်တော်ယာဉ်များအား မတ် ၁၅ ရက် ညပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ကာ တူမီးသေနတ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ခရီးသည်တင်မော်တော်ယာဉ်ပေါ်မှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ အပါအဝင် အမျိုးသားနှစ်ဦးသေဆုံးပြီး အမျိုးသားငါးဦးနှင့် အမျိုးသမီးသုံးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖



## ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်းအနိုင်ရ

ရန်ကုန် မတ် ၁၆

ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲဖြစ်သော NSDF Futsal Invitation Championship 2022 အုပ်စုဒုတိယနေ့ကို မတ် ၁၆ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မွန်ဂိုလီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ငါးဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို ပထမပိုင်းတွင် မျိုးမြင့်စိုး၊ ငြိမ်းမင်းစိုး၊ စိုင်းပြုံးအောင်၊ နိုင်လင်းထွန်းကျော်တို့က သွင်းယူပြီး

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ■

## အက်သလက်တီကိုမက်ဒရစ်အသင်းကို ရှုံးနိမ့်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကနေ မန်ယူအသင်း ထွက်ခဲ့ရ



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရတာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခဲ့ရပြီဖြစ်ပါတယ်။

မတ် ၁၆ ရက် နံနက်ပိုင်းက မန်ယူအသင်းရဲ့အိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းနဲ့ အက်သလက်တီကို မက်ဒရစ်အသင်းတို့ရဲ့

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍


**ယနေ့** ဖတ်စရာ

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်သမားများက ခင်ဦးမြို့နယ်နှင့် ချောင်းဦးမြို့နယ်တို့ရှိ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ အကြမ်းဖက်သတ်ဖြတ်၊ လူနေအိမ်များအား မီးရှို့ဖျက်ဆီး** စာမျက်နှာ » ၁၄

**ပခုက္ကူမြို့ရှိ “Hana Microfinance” အသေးစားချေးငွေရုံးမှ ဝန်ထမ်းအမျိုးသမီးအား သေနတ်ဖြင့် ခြိမ်းခြောက်၊ ငွေတောင်းခံ ပစ်ခတ်မှုဖြစ်ပွား** စာမျက်နှာ » ၁၅

**ရန်ကုန်မြို့၌ ပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရန် ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေးလျက်ရှိ** စာမျက်နှာ » ၁၇